


(ဒုတိယအကြိမ်)

# ရဏား

(ကဗျာရှည်ငါးပုဒ်စုစည်းမှု)

# ရထား

(ကဗျာရှည်ငါးပုဒ်စုစည်းမှု)

မောင်ချောနွယ်

**PRESENTED BY KO ZAW**

# မာတိကာ


အဖွင့်စကား ၉

မောင်ချောနွယ်၏အမှာစာ ၁၁

လူကြိုက်နည်းတဲ့ကောင် ၁၇

အထက်တန်းကျတဲ့ရေ ၂၉

အခွန်တော်မဲ့ရာသီဥတု ၄၇

ကြမ်းပိုးများတဲ့အိပ်ရာ ၆၀

ရထား ၈၂

လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ကျော်က ဂျာမန်ကဗျာဆရာ ဂွည်ထယ် ဖွဲ့ဆိုခဲ့သော ကမ္ဘာ့အဒိုအမင်း အပေါင်းကြီးကိုပဲ ကဗျာဖွဲ့ပါတယ်။ သူနဲ့ မလုံလောက်ဘူးထင်လို့။

မြန်မာပြည်သား ကဗျာဆရာ

ဖြောင့်ထားသောအချက်အလက်

**ဟောသည်**
**တယ်လီဖေးရှင်းခေတ်**
**ကွန်ပျူတာခေတ်**
**အသံထက်မြန်တဲ့ ဂျက်တွေခေတ်**
**ကျည်ဆံရထားခေတ်**
**တိုက်ချင်းပစ်ဒုံးတွေခေတ်**
**လသွားယာဉ်တွေခေတ်မှာ**
**ကျွန်တော်တို့ရင်ခုန်သံတွေဟာ**
**ခြောက်ဖက်သံကြားဖြစ်ရမယ်**
**ကျွန်တော်တို့ရင်ခုန်သံများနဲ့ ကဗျာဟာ**
**ခြောက်ဖက်သံကြားဖြစ်ရမယ်။**

မောင်ချောနွယ်ကို ကိုးကွယ်ဖို့ လုပ်ခဲ့တာ မဟုတ်ဘူး။
ကမ္ဘာ့အိမ်ယာကို ရှာဖွေခဲ့တာဖြစ်တယ်။
ကမ္ဘာ့လူသားထုအိမ်ယာကို ရှာဖွေခဲ့တာ ဖြစ်ပါတယ်။

# [၁]

ကျွန်တော့်ဘဝရဲ့ ရွှေသားသံယောဇဉ်ဟာ အဲဒါ ဖြစ်ခဲ့တယ်။ အဲဒါဟာ ကဗျာပါ။

သစ်တော်ပင်လေး တစ်ပင်ဟာ ကဗျာဆရာဖြစ်နေတယ်လို့ ကျွန်တော် သိခဲ့ပါတယ်။ ပါးစပ်ပြဲပြဲ အပွင့်ဝါဝါတွေ ပိုင်ဆိုင်ပြီး ကြယ်ပွင့်တွေလို သစ်ရွက်တွေပါ ခြံရံနေတဲ့ ဆယ့်နှစ်ရာသီပင်ဟာလည်း ကဗျာဆရာတစ်ယောက်ပါပဲလို့ ကျွန်တော်သိမြင်ခဲ့ရပါတယ်။ သူက သူ့ဘဝတစ်ခုလုံးလုံးကို အဲသည်လို ကဗျာဖွဲ့ဆိုထားပြီး နေထိုင်နေတာလို့ ကျွန်တော် သိရှိခဲ့တယ်။ ပြီးတော့ စကြာပန်းပွင့် ဖြူဖြူလေးတွေ၊ ညှာတံနီလေးနဲ့ ဆိတ်ဖလူးပန်းကလေးတွေ မျက်တောင်ကော့ကော့ကလေးနဲ့ ခရေပွင့်ကလေးတွေ၊ သူတို့ဘဝလေးတွေကို သူတို့ မွှေးကြိုင်လှပ ဖိတ်လက်နေအောင် သူ့တို့တွေ ဖွဲ့ဆိုနိုင်ခဲ့ကြတယ်။ ဒါတွေဟာ ဖြောင့်ချက်တွေ မဟုတ်ခဲ့ပါဘူး။ ဒါတွေဟာ ဖြောင့်ထားသော အချက်အလက်တွေပဲ ဖြစ်ပါတယ်။ ဟုတ်တယ်။ တကယ်တော့ "ကဗျာ" ဆိုတာ ဖြောင့်ထားသော အချက်အလက်ပါပဲ။ မူလ ပင်ရင်းကိုယ်၌က ဖြောင့်နေသော အချက်အလက်တစ်ခုဖြစ်ပြီး ဖြောင့်ထားသော အချက်အလက် တစ်ခုလို့ ကျွန်တော် ရင်ခုန် ယုံကြည်ခဲ့ပါတယ်။ ရင်ခုန်သံမြန်နှုန်း မြင့်ခဲ့ပါတယ်။

[၂]

ကဲ——— ကျွန်တော်တို့ မုန့်ဖုတ်သမားတွေရဲ့ လက်တွေက စလိုက်ကြရအောင်။ ဂျုံကိုနယ်စဉ်၊ မုန့်ကို ဖုတ်စဉ်မှာ မုန့်ဖုတ်သမားတွေရဲ့ လက်တွေ သန့်မာဖို့ လိုပါတယ်။ ဒါမှလည်း ဂျုံကို နူးညံ့အောင်၊ လှပမွှေးကြိုင်အောင်၊ အရသာရှိအောင် စွမ်းနိုင်ကြမယ်လေ။ မဟုတ်ဖူးလား။ ကျွန်တော်က မုန့်ဖုတ်သမားတွေရဲ့ လက်တွေကို ကျန်းမာ သန်စွမ်းစေချင်လှပါတယ်။ ပိုးကြိုးနဲ့ သံမဏိကြိုးချောင်းတွေပေါ်ရောက် ဂီတသမားရဲ့ လက်တွေကိုလဲ အဲဒီလိုပဲ လှပသန်စွမ်းစေချင်ပါတယ်။ ပန်းချီဆေးရေးမယ့် ပန်းချီဆရာ၊ ပန်းတိမ်ဆရာ၊ ပန်းပုဆရာ၊ ကဗျာစာရေးသားသူကဗျာဆရာဆိုတဲ့ အနုပညာ၊ အနုသုခုမ လက်တွေ လှပသန်စွမ်းဖို့လိုအပ်လှပါတယ်။ အဲသည် အနုသုခုမ လက်တွေထဲမှာ ဆန်းသစ်သွေးသားနဲ့ ဆန်းသစ် အတွေးအခေါ်တွေ ရှင်သန်စီးမျောနေပါစေလို့လည်း ကျွန်တော်က အမြဲတမ်း ဆုတောင်း ပတ္ထနာ ပို့သလိုက်ပါတယ်။ အဲသည်လိုနဲ့ ဟောသည် လူ့လောကကြီး အလယ်ခေါင်မှာ မောင်ချောနွယ် ဆန်လာခဲ့ပါတယ်။

[၃]

ကျွန်တော့်ရဲ့ ပထမဘာသာရေးဟာ ဗုဒ္ဓဘုရားရှင် ဖြစ်ပြီး၊ ကျွန်တော့်ရဲ့ ဒုတိယဘာသာရေးဟာ ကဗျာ အနုပညာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော့်ဘဝ ကျွန်တော့် ခန္ဓာမှာ လာရောက် ခိုင်ကျည်စွဲမြဲနေတဲ့ စိတ်ပျားအုံ။ ဒါဟာ ကျွန်တော့်ဘဝမှာ လာရောက် တည်ကြည်နေတဲ့ စိတ်သွေးသားနဲ့ ကျွန်တော့်ဘဝနဲ့ ကျွန်တော့်ရဲ့ဘဝ ဖြစ်စဉ် ဖြစ်ပါတယ်။

အဲသည်လိုနဲ့ အနော်မာသောင်ကမ်းမှာ၊ ကျွန်တော် ရင်ခုန်ယုံကြည်မြှုပ်နှံတဲ့၊ အနုပညာ အနော်မာသောင်ကမ်း မှာ ကျွန်တော့်ဘဝကို မြေကြီးနဲ့ ရောနှောခဲ့ပါတယ်။ အချိန်တန်ရင်တော့ အရိန္ဒမာလုံ့ရမှာပါပဲ။ ဘယ်အပင်၊ ဘယ်အသီး၊ ဘယ်အရွက်ကိုပဲဖြစ်ဖြစ် တို့ထိလိုက်ရင် ချိုမြိန်သွားပါလိမ့်မယ်။

"အပ္ပမာဒေန၊ သမ္ပာဒေထ"

ကိုယ့်ဒဏ်ရာကိုယ်တော့ မမေ့ဖို့လိုပေလိမ့်မယ်။

[၄]

သန့်ရှင်းသူလမ်းကို ခင်းခဲ့ပါတယ်။ ကျွန်တော့်ရဲ့ သီချင်းသံ ကြားကြပါစေ။ ပျော်ရွှင်မှုတွေ ကျွန်တော်တို့ အားလုံးရဲ့ အိမ်ခေါင်မိုးမှာ ထိုးစိုက်ပါစေ။

[၅]

သူငယ်ချင်းရေ

ကိုဖော်ဝေးရေ

ကျွန်တော်တော့ တစ်လက်မမှ ဆုတ်မပေးနိုင်တော့ပါဘူးဗျာ။

**မောင်ချောနွယ်**



# လူကြိုက်နည်းတဲ့ကောင်

ဈေးထဲမှာ ကိုယ်ထည်ပြည့်ပြည့် အရသာရှိရှိ
ရေချိုငါးသလောက်ကြီးက ၁၈ကျပ်တဲ့ ။
နာမည်လည်းဖျင်း အဆီအသားလည်းဖျင်းတဲ့
ငဖျင်းက ၂၈ကျပ် ဈေးတဲ့ ။
ဒါနဲ့ ဆိုင်ရှင်ကို မေးကြည့်မိတယ် ။
ဘာဖြစ်လို့များ အရသာလည်းရှိ ကိုယ်ထည်လည်းပြည့်တဲ့
ရေချိုငါးသလောက်က ဈေးနည်းနေရတာလဲလို့ ။
လူကြိုက်နည်းလို့တဲ့ ။
ငါးဖျင်းကတော့ လူကြိုက်များလို့ ဈေးကြီးတယ်တဲ့ ။
ဟုတ်ကဲ့ မောင်ချောနွယ်ဟာ
လူကြိုက်နည်းတဲ့ကောင် ။

မိုက်ရိုင်း ထွားကျိုင်းလှချည်ရဲ့
မတ်တပ်စာတောင် မဖူမလုံနဲ့ကောင်
တုံးလုံးစာ ဝေလာဝေးလို့ ခန္ဓာကိုယ်နဲ့ ကောင်လေ။

ဘယ်လိုလဲ ဆိုတော့ကာ
အင်မတန် သန်းများတဲ့ မိန်းမခေါင်းပေါ်
သန်းတွေ တရွရွ တစိစိ ပွတက်နေသလိုမျိုးလေ
ကဗျာတွေက သူ့ကိုယ်ပေါ်မှာ။

အပေါ်စား ရက်စတော့ရင့်တွေက
အလကားရတဲ့ ဆာဒါးဟင်းချိုရည်တွေနဲ့
သူ့ဘဝကို မတည်ဆောက်လိုဘူးတဲ့။

ဒါပေမယ့် ခက်ရပုံများ
စားပွဲပေါ်မှာ သည်ဟင်းချိုရည်တစ်ခွက်ပဲ
ပူပူနွေးနွေး ရှိလေတာ။

နွမ်းပါးတဲ့ အောက်ခြေ လူတန်းစားတွေနဲ့
ဒူးတင်ပေါင်တင် တစ်တန်းတည်း နေပေမယ့်
ဘုံဆန်တဲ့ အိမ်သာမျိုးကျ
သင်းက မကြိုက်ပြန်ဘူးတဲ့။

အရက်ဖြူကို ယဉ်ကျေးမှု မြင့်သောက်တတ်သေး
ဖိမ်ခံရကောင်းမှန်း သိတတ်သေး
အသုံးချ သောက်ရမည်မှန်း သိတတ်သေး
မူးလာရင် ထကဖို့
ဘယ်တော့မှ မမေ့တတ်တဲ့ကောင်လေ
ဘဝမှာ
သံအမတ်ကလည်း ဖြစ်ခဲ့ချင်သေးသတဲ့။

စကားပြောရာမှာ
အထက်တန်းကျအောင်
တော်ဝင်အောင် ပြောတတ် ပြောနိုင်ပေမယ့်
သူတစ်ဖက်လူကို အမှန်တကယ် ပြောခဲ့တာနဲ့
သူပြန်ပြောပြတဲ့အခါ
ပိုပြောတတ်တဲ့ ဉာဉ်ကလည်း ရှိသေး။

ပါးတဲ့နေရာမှာ ခြင်ထောင်ဇာထက် ပါးပေမယ့်
တကယ့်လက်တွေ့မှာ မကျင့်သုံးဖြစ်လို့
လူတွေက ထူတယ်လို့
အထင်ခံရမြဲ ကောင်လေ။

တစ်ခါတစ်ရံတော့လည်း
ဂျစ်ကားပေါ်မှာ
ပေါင်သားအလှ ပေါ်လွင်အောင်
အချိုးကျကျ ထိုင်တတ်တဲ့
အရွယ်ရှိရှိ အရာရှိကတော် တစ်ယောက်လိုလေ
အဲသည့် ကဗျာဆရာဆိုတဲ့ ကောင်ဟာ
နေထိုင်တတ်သေးတယ်။

သူ့သွေးကြောထဲမှာ ဂြိုဟ်တွေ
ကဗျာဆိုတဲ့ ပါပဂြိုဟ်တွေ
စူးဝင်စီးဝင်လို့
မောင်ချောနွယ် ဆိုတဲ့ကောင်ဟာ
ကမ္ဘာပတ် လမ်းကြောင်းထဲမှာ နေတာလို့
ကြက်ရင်အုပ်လောက်သာရှိတဲ့ သူ့ရင်အုံကို
ကော့ကော့ပြတတ်သေး။

သွေးစိမ်း တစ်ပေါက်ပေါက်နဲ့
တည်ဆောက်ခဲ့ရတဲ့ သူ့ဘဝခရီး
ဂီယာကုန် လီဗာကုန်မောင်းနှင်ခဲ့
သူ့ဘဝကို သားရေတစ်ပြားစာယူ
ခင်းကျင်းကြည့်လိုက်ရင်
မြို့တစ်မြို့ တည်နိုင်တယ်
မြစ်တစ်မြစ် စီးဆင်းသွားနိုင်ပေရဲ့။

ဒီကောင်က အသည်းက ခပ်ငယ်ငယ်ရယ်လို့
သူ့မွေးသမိခင်က ခဏခဏ
လူကြားထဲ ပြောခံရတဲ့ကောင်ပေါ့
ဘဝကို ရင်ခုန်သလို အရင်းအတိုင်းနေခဲ့။

နာကျင်တဲ့အခါ မအော်ဘဲ
ပျော်ရွှင်တဲ့အခါ ရယ်မောဖို့ နောက်မကျခဲ့ဘူး
သူ့အတိဒုက္ခကို တစ်ဖက်လူက
သိရှိလက်ခံပေမယ့်
သူက သူ့ဒုက္ခအပေါ်
ကိုယ်ဖော့ဖော့ နေတတ်လွန်းလို့
တစ်ဝက်ကူညီစာနာမှုသာ ရရှိခဲ့သူပေါ့။

ကုသိုလ်ကံ လိုက်ပုံကလည်း
ပါးစပ်နဲ့ ကူညီပြီး လက်မပါတဲ့ မိတ်ဆွေ
ပေါပြည့်လှတဲ့ကောင်ပေပဲ။

ခုံးထ ကမ္ဘာမြေကြီး
အခိုးအငွေ့ သစ်ကိုင်းနဲ့
အဲသည်သစ်ကိုင်းပေါ်က ယောင်ကိုင်းပြည်တည်နာ
မြစ်နဲ့ကမ္ဘာဦးကို တူးဆွလာတဲ့လက်
အမှန်တရားကတော့ လူတွေလိုပါပဲ
အောင်စ နည်းနည်းရယ်ပါ
သာမန်လူနဲ့ မတူတဲ့အရာဆိုလို့
ဒါတွေပဲ သူ့မှာ ရှိရဲ့။

ကျန်တာတွေကတော့
သာမန်လူတွေဆောင်ကြဉ်းနိုင်တဲ့စွမ်းရည်
သူ့မှာ ခပ်နည်းနည်းရယ်
ဥပမာ
မြို့မျက်နှာဖုံး သူဌေးမဖြစ်ခဲ့ဖူးဘူး
အရာရှိ မဖြစ်ခဲ့ဖူးဘူးပေါ့။

တစ်ခုခုကိုမြင်ရင်
သွားရေတများများနဲ့ ဖြစ်တာမျိုးကို
သိပ်ရွံရှာတဲ့ကောင်
ငယ်ငယ်က ဟိုဝါဒသည်ဝါဒတွေကို နည်းနည်းမြည်းစမ်းဖူး။

ခုတော့
မင်္ဂလာတရားနဲ့ အညီလေ
ငါးအပုပ်စားရပေမယ့်
ဗြဟ္မစိုရ်တရား လက်ကိုင်ထားလို့
ဘယ်သူတွေများ ငါးပုပ်စားရလို့
ဗြဟ္မစိုရ်တရား လက်ကိုင်ထားနိုင်ခဲ့လို့လည်း။

အဆုတ်မကောင်း
အသက်ရှူပြွန်တွေက မကောင်းလှပေမယ့်
မြေအောင်းနှစ်ချို့ဝိုင်ကောင်းကို ကြိုက်သေး
ဗာဂျီနီးယားကောင်းတဲ့ စီးကရက်ကို ကြိုက်သေး
အရက်ကလေးထွေထွေနဲ့ သူ့မိတ်ဆွေသူငယ်ချင်းတွေအပေါ်
သူ့ပေါင်းသင်းနေထိုင်ခဲ့ပုံက မယားတစ်ယောက်လိုလေ။


ဘာသာစကားအမျိုးမျိုး ပြောင်းမပြောတတ်လို့
ဖိနပ်အမျိုးမျိုး ပြောင်းမစီးတတ်လို့
ခဏခဏ အပြစ်တင်ခံရတဲ့ကောင်ပေါ့
ကိုယ့်သားအရွယ် ညီအရွယ်ကောင်တွေက
လိမ်တာညာတာကို လိမ်တာမှန်းသိသိနဲ့ ခံပြီး
သာယာနေတတ်တဲ့ကောင်လေ။

အပေါင်းအသင်း သူငယ်ချင်းတွေအပေါ်
လင်ကိုလုပ်ကျွေးတဲ့ မယားကောင်းလို ပေါင်းခဲ့ပေမယ့်
နှစ်ပေါင်းလေးဆယ်လုံးလုံး
သူ့ဘဝ သူ့ခန္ဓာအပေါ်ကျ မကောင်းခဲ့တဲ့သူလေ
မည်မဝယ်နဲ့ အနေအထိုင်မတတ်ဘူးလို့
ရင်ဘတ်ဆွဲကြိုးနဲ့ ကောင်တွေရဲ့ အဝေဖန်ခံရလှပေါ့။

သူ့ကံလိုက်ပုံကလည်း
လူပါမက နတ်ပါမုန်းအောင် ပြောတတ်တဲ့
ပါးစပ်ကြီးနဲ့ အဆွေခင်ပွန်း ဖြစ်ခဲ့ရသေး
အဲသည်ပါးစပ်ကြီးရဲ့ စကားပင်လယ်မှာ
အသက်လေးဆယ်နား ကပ်နေတာတောင်
အနေအထိုင် မတတ်သေးဘူးလို့
ရေနစ်နစ် နေရသေး။

တကယ်တော့
ဒါ သူ့မိမွေးတိုင်း ဖမွေးတိုင်းပါ
သူ့နှုးညံ့သိမ်မွေ့မှုပါ
သူ့ယဉ်ကျေးတဲ့ သွေးကြောပါ
နတ်ဆိုးတို့ပါးစပ်မှာ
ပလပ်ခံရတဲ့
သူ့ကိုယ်ပိုင်အတွင်းသားပါ။

**ဟန်သစ်မဂ္ဂဇင်း အမှတ် (၁) ၁၉၈၉**



# အထက်တန်းကျတဲ့ရေ

အနုပညာ နွေဦးပေါက် ရာသီကို မညာချင်ဘူး။
လှိုင်းပုတ်ခတ်ခံ ကျောက်ဆောင်ကို မညာချင်ဘူး။
အဆုတ်ရဲ့ အလုပ်ကို မညာချင်ဘူး။
သစ်သီးတစ်လုံးသီးတိုင်း သင်တို့အတွက်ဖြစ်တယ်။
ပန်းတစ်ပွင့်ပွင့်တိုင်း သင်တို့အတွက် ဖြစ်တယ်။

အချစ်ရေ
ညစ်ညမ်းတဲ့ လမ်းမများနဲ့
ငါ့ရဲ့ ကျန်းမာရေးအတွက်
လက်ဖက်ရည်တစ်ခွက်သာ
သစ္စာရှိခဲ့ပါစေတော့
ဆဟာရကို
အာဟာရလို့ထင်တယ်။

(၁)

အဲသည်လိုနဲ့
မပျော်ရွှင်တဲ့ ကော်ဖီတစ်ခွက်အတွက်
လက်ဆောင်တွေ ပေးခဲ့ပြီ။

အဲသည်လိုနဲ့
အချစ်ရေး အဆင်မပြေတဲ့
အခန်းထဲက ကြေးမီးခြစ်ကြီးအတွက်လည်း
သစ်သီးအချို့တွေ ယူဆောင်ခဲ့ပြီ။

အဲသည်လိုနဲ့
ရှုံးသွပ်နေတဲ့ နွေဦးလေအတွက်လည်း
အိပ်မက်လှလှတစ်စုံ
လုံခြုံစွာ ပေးပို့လိုက်ပြီ။

အဲသည်လိုနဲ့
ခရီးထွက်သွားတဲ့
စီးကရက်များနဲ့လည်း
စာအမြန် ဆက်သွယ်ခဲ့ပြီ။

အဲသည်လိုနဲ့
လေကခြွေချသွားတဲ့
မသေချာမှုတွေအတွက်
သီချင်းလက်ဆောင်ပို့ခဲ့ပြီ။

အဲသည်လိုနဲ့
နှင်းမရှိတဲ့ ဆောင်းအတွက်လည်း
ကောင်းကင်တစ်ခုပေးခဲ့ပြီ။

အဲသည်လိုနဲ့
ဘဝအတွက်
ဇလဗေဒ အချက်အလက်တွေလည်း
ဆက်လက်စုဆောင်းခဲ့ပြီ။

မေမေရေ
မြစ်တွေကို ကျွန်တော်စီးခဲ့ပေါ့။

(၂)

အသက်အပိုင်းအခြားတွေလည်း
နက်ရှိုင်းသွားခဲ့ပြီ။

အပူအအေးလေမိုး
အခိုးအငွေ့အရွေ့
အတွေ့အကြုံ အမှုံအမွှား
အားလုံးကို စားသုံးခဲ့ဖူး
ရူးသွပ်စွာ ရူးဆွတ်ခဲ့ဖူး
နူးညွတ်စွာလည်း စွန့်လွှတ်ခဲ့ဖူးပြီ။

ရန်အထွေထွေကြောင့်
ဌာန်ကြွေခဲ့ပြီ
ရန်အပေါင်းကြောင့်
ဉာဏ်ပိုကောင်းခဲ့ပြီ။

ဘေးဥပါဒ်အထွေထွေကြောင့်
အသက်ဓာတ်လည်း
ပိုမိုလတ်ဆတ်ခဲ့ပြီ။

လူဆိုတာ လူ့ခေတ်လိုအပ်တာပဲ
အရှုံးအမြတ်
အမုန်းနဲ့မေတ္တာခေတ်
အဖိုခေတ် အမခေတ်
လူတွေမှာ
ပင်ကိုအရပင် လိုအပ်ခဲ့တာ မဟုတ်လား
ကျောကဒဏ်ရာကို
လောကတံထွာလို့ စွဲမှတ်
စာတစ်အုပ်လို
အသာထုတ်ဖတ်သွားရုံပါပဲလေ။

အဲသည့်လိုနဲ့
ရေချိုးချင်တဲ့ မိုးဥတုအတွက်
ရုပ်ရှင်လက်မှတ် တစ်စောင်ပေးခဲ့ပြီ။

အဲသည့်လိုနဲ့
ကော်ဖီမသောက်တတ်တဲ့
ကြောက်ရွံ့မှုများအတွက်လည်း
ဘရန်ဒီတစ်ခွက် ဝယ်ခဲ့ပြီ။

အဲသည်လိုနဲ့
ချစ်သူရဲ့အနမ်းတွေဖို့
လမ်းဖောက်ပေးခဲ့ပြီ။

အဲသည်လိုနဲ့
ဒဏ်ရာရခဲ့တဲ့
ကန္တာရနှစ်များနဲ့လည်း
သစ္စာထားခဲ့ပြီ။

အဲသည်လိုနဲ့
အမှန်တရားကိုလည်း
ထမင်းစားဖိတ်ခဲ့ပြီ။

အဲသည်လိုနဲ့
နေကြာပွင့်တွေကိုလည်း
နေသာခွင့်ပေးလိုက်ပြီ။

အဲသည်လိုနဲ့
အဆိပ်နဲ့ မိတ်ဖွဲ့ခဲ့တဲ့
အိပ်မက်တွေကိုလည်း
ဘိလပ်ရည် တိုက်ခဲ့ပြီ။

အဲသည်လိုနဲ့
လူ့နယ်ပယ်ရဲ့
အနည်အနှစ်များအတွက်လည်း
အထည်အသစ်အဆန်းတွေ
လက်ကမ်းခဲ့ပြီ။

အဲသည်လိုနဲ့
လွတ်လပ်ရေးကဗျာအတွက်
မြေကွက်တစ်ကွက် ထွန်ယက်ပြီးခဲ့ပြီ။

ရန်သူမဲ့ ဘဝမှာလည်း
ငါကျွန်တော် မပျော်တတ်တော့ပါ၊
ချစ်သူမဲ့ ဘဝမှာလည်း
ငါကျွန်တော် မနေတတ်တော့ပါ၊
ပိုလျှံသောရေ
ပရိုတိန်းအစအနအလေအလွင့်
စံလွန်ဖိအားအဆင့်ဆင့်ဖြင့်
ငါ့အသက်ရှူပွင့်များ
ကောင်းမွန် ခိုင်မာစွာပင်
ရင်မောခဲ့ပြီ။

အဲသည်လိုနဲ့
လူ့ဘဝကို ယုဇနပင်လေးမှာ အသာချိတ်

ဒူးယားတစ်လိပ်နဲ့လည်း
အိပ်ပျော်တတ်ခဲ့ပြီ။

အဲသည်လိုနဲ့
ဘဝရဲ့ဝန်ဆောင်အား
လောကကြီးကို
ဥယျာဉ်အသွင် တင်ဆောင်သွားနိုင်ပြီ။

အဲသည်လိုနဲ့
အလိုမပြည့်မှုကို
ငါအလိုရှိခဲ့ပြီ။

အဲသည်လိုနဲ့
နာကျင်မှုတွေလည်း အရသာဖြစ်ခဲ့ပေါ့။

အချစ်ရေ
ကန်ရေကို ငုံ့ကိုင်းနေတဲ့
ကံ့ကော်ကိုင်းတစ်ကိုင်းလို နေတတ်ခဲ့ပြီ။

အဲသည်လိုနဲ့
ချိုပေါ့ကျ လက်ဖက်ရည်တစ်ခွက်လို
အသက်ရှင်တတ်ခဲ့ပြီ။

အဲသည်လိုနဲ့
ဘဝရဲ့ဒဏ်ခံအား
ဂုဏ်သတ္တိတွေ မြင့်မားခဲ့ပြီ။

အဲသည်လိုနဲ့
စံပယ်တစ်ပွင့်လို
တကယ်ပွင့်မယ်ဆိုရင်
တင့်တယ်စွာ ပွင့်နိုင်ခဲ့ပြီ။

အဲသည်လိုနဲ့
အရသာချဉ်စူးစူး
ဆူးဖက်သော်လည်း ခူးရက်စရာမမြင်တဲ့
ဆူးပင်တစ်ပင်လို
ယဉ်ကျေးစွာ ငေါ်နေတတ်ခဲ့ပြီ။

အို . . .
ငါအိပ်ခဲ့သော အိပ်မက်တို့
ငါရိုပ်ခဲ့သော အရိပ်တို့
ငါမျှားသော ငါးကို ငါစားခဲ့ရချေပြီ။

အဲသည်လိုနဲ့
ကြုံသမျှ ဖုန်မထတော့ပါ

ဘဝကို အရသာ တစိမ့်စိမ့်ခံ
ပင်လယ်စင်ရော်တွေလို
ပျော်ရွှင်စွာ ပျံဝဲနိုင်ခဲ့ပြီ။

အဲသည်လိုနဲ့
အသက်သုံးဆယ့်တစ်ဆိုတဲ့ ခွက်တစ်ခုမှာ
လူ့နယ်ပယ်ရဲ့ ထုထည်တွေ
ကယ်လိုရီတွေ ဖြစ်ခဲ့ပြီ။

ရေထု မြေထု လေထုနှင့် သေမှုတွေကြား
မယားနဲ့တရား ဆားခပ်လို့စားတော့မယ်
နေမှုက
ပါးလုပ်ထူထပ် လှပလှချည်ရဲ့
ငါတပ်မက်ခဲ့ချေပြီ။

အချစ်ရေ
လူတွေက
တူတံဆိပ် ထောပတ်ကိုလည်း
ကိုးကွယ်ကြတယ်။

ဘဝလမ်းခရီးဟာ
ဝမ်းမီးနဲ့ ပြီးရမှာလား
ငှက်ဆိတ်တဲ့ သစ်စည်းတစ်စည်းမှာတောင်
အမိပွာယ်တွေ သိပ်သည်းခဲ့ပါတယ်။

အဲသည့်လိုနဲ့
နေညိုချိန် "ဘား" ကလေးမှာ
ဘဝကို ခပ်ပါးပါးလှီးရင်း
ကမ္ဘာလောကကြီးကိုလည်း
အရက်နဲ့ မြည်းတတ်ခဲ့ပြီ။

အဲသည့်လိုနဲ့
အချိုရှာ တမာတွေ့သော်လည်း
"ဂျိုကာ" မပါဘဲ ဒေါင်းတတ်ခဲ့ပြီ။

အဲသည်လိုနဲ့
အငိုအရယ် ဇာတ်တွေကြား
ချိုချဉ်ငန်စပ်
အရသာဇာတ်တွေကြား
ဘဝကို အမြတ်တနိုး ထမ်းပိုးခဲ့ပြီ။

အဲသည်လိုနဲ့
“အဲလဗတ်ကမူး” နဲ့ “ခြူး” ဆေးလိပ်ကိုဖွာရင်း
ဆိုးရွားတဲ့ ရာသီဥတုကိုလည်း
ကဗျာနဲ့ ပြုပြင်တတ်ခဲ့ပြီ။

အဲသည်လိုနဲ့
အထူးထူး အပြားပြားသော ဆူးကြားမှ
လူလားမြောက်ရန် သိခဲ့ပြီ။

အဲသည်လိုနဲ့
နေ့များရဲ့ အစိုအခြောက်
ရွှေသားနဲ့ နွေပိတောက်ကို
အပျိုပေါက်လို ငြိခဲ့ပြီ။

အဲသည့်လိုနဲ့
ဟောသည် အိုဇုန်းခာတ်အလွှာထဲမှာ
မင်းသမီး ချိုပြုံးကလည်း
ဟိုတုန်းကလိုပါပဲ
အနုပညာ စံပယ်အပြုံးတွေနဲ့
ဟောသည်
အာကာလွင်ပြင် မိုးအခုံးကြီးကိုလေ
ရစ်ဖွဲ့နှောင်ထုံးဆဲပါလား
သွေးကြောထဲကို တိုက်ရိုက် ရောက်ခဲ့ပြီ။

သူငယ်ချင်းရေ
မောင်ချောနွယ်ရေ
ကမ္ဘာကြီးရေ
လက်ဖက်ရည်တစ်ခွက်မျှပင်
တည်ခင်းဧည့်မခံနိုင်သော
အမှန်တရားထံ လာလည်ပါ။

**အေဒီ– ၁၉၈၈၊ မတ်လ (၁၃) ရက်**
**သီရိခေတ္တရာမြို့**
**နွေဦးကဗျာမဂ္ဂဇင်း အမှတ် (၁) ၁၉၈၈၊ ဇွန်**



# အခွန်တော်မဲ့ရာသီဥတု

[၁]

လူ့ဘဝတစ်ခုလုံးကို
ရှုမဝဖိနပ်လို စီးထားလိုက်တယ်၊
ခပ်ချောချောလှလှ ကောင်မလေးနဲ့
ဆက်ဆံရသလိုပဲပ
ဟန်ပန်လည်းကျ
အရသာလည်းရှိ
လူ့ဘဝဟာ
သည်လောက်တော့ အရသာရှိမှပေါ့။

မင်းဟာ ဝိုင်အရက်တစ်ပုလင်းပါပဲ
အငြိမ့်မင်းသမီးလေး “နှင်း” ရဲ့
အနုပညာလည်းရှိ
လိင်ခွန်အားလည်းရှိ
ဒါကိုမှ ငါမသိတတ်ရင်
မဟုတ်သးပါဘူးကွယ့်
ပေါင်မုန့် ဖုတ်စားတတ်တာဟာ
မဟုတ်သေးပါဘူးကွယ့်
ဥစ္စာခေနရူးစားတာဟာ
မဟုတ်သေးပါဘူးကွယ့်
ရက်ကော်ဒါခလုတ်ဖွင့်တာဟာ
ဒါတွေဟာ
စိတ်ရဲ့ “အင်းနားကျွတ်” တွေပါကွယ့်
ကော်ဖီတစ်ခွက်နဲ့
အချစ်ကိုဆင်ခြင်မကြည့်ရင်
ကော်ဖီတစ်ခွက်နဲ့
မင်းသမီး ‘နှင်း’ ကို ဆင်ခြင်မကြည့်ရင်
ပျော်ရွှင်မှုဟာ
လင်ကောင်းသားကောင်းရတော့မှာ မဟုတ်ဘူး
ကော်ဖီတစ်ခွက်နဲ့
အချစ်ကို ဆင်ခြင်ကြည့်ရအောင်
မောင်တို့ရဲ့ ။
ပျော်ရွှင်မှုတွေ
မုန်လာဥလုပ်နေလေပေါ့။

[၂]

စိတ်ဓာတ်ကျရောဂါကို
အကနဲ့ ပျော့ပျောင်းပါစေကွယ့်
အသက်ဓာတ်ကို တပ်ဆင်ပြီး ပျံ့ဝဲကြ
ပန်းချီကားကို နားဆင်
ဂီတကိုကြည့်ရှု
ကဗျာတစ်ပုဒ်ဟာ
မသန်ရေတွေကို အလုပ်မလုပ်ပါစေနဲ့ကွယ့်

အာရုံကိုဖောက်ခွဲပါ
ပေါက်ကွဲသွားပါစေ
မစားရက်ရင်
အိပ်မက်တွေ လောက်တက်ကုန်မှာပေါ့။

ဒန်ခွက်ပိန်ခြောက်ခြောက်နဲ့
ရေသောက်ခွင့်မပေးကြပါနဲ့
သူဟာလည်း
လူတစ်ယောက်ပါပဲကွယ့်
ဝိုင်တစ်ခွက်လောက်ပဲဖြစ်ဖြစ်
စတိုင်နဲ့ သောက်ပါစေကွယ့်။

ဂျက်ကလင်းကို ကြည့်ရတာ
ထမင်းတော့ဆာတာပေါ့
ဒါပေမယ့်
ကြွတ္တိယကို မှီဝဲပါ
ကမ္ဘာကြီးရဲ့ ဆွဲငင်အားကို
ပြန်ဆွဲငင်ထားမှ ဖြစ်ပေမယ်။

ဘဝလွင်ပြင်ပေါ်မှာ
ရင်ခုန်သံတွေ သစ်တော်သီးဖြစ်ခဲ့ရင်
စစ်ဆိုတာ
အသည်းတစ်ခြား အူတစ်ခြားနဲ့
ဖွဲ့မျှသာဖြစ်သွားပေလိမ့်မယ်။

[၃]

ထိခြင်းငါးပါးဟာ
ဂီတရဲ့သံမဏိကြိုးချောင်းတွေဖြစ်ရဲ့
ဟာဝိုင်ယီနာနတ်ခင်းများဖို့
နှင်းထဲကလယ်ကွင်းများဖို့
သီချင်းဟစ်ပါ
စိတ်တွေ အက်စစ်ဖြစ်နေပေါ့
ပင်နယ်စလင်ဟာ
နလုံးသွေးရပ်ခဲ့ပေါ့။

တတိယကမ္ဘာဟာ
ဖိနပ်မှမပါဘဲကွယ်
ကြည့်စမ်း ပျော့စိစိနဲ့
ပက်ကျိလားကွယ့်
မာဆတ်ဆတ်နဲ့
ကျောက်ခဲညှပ်မုန့်တစ်ခုလားကွယ့်
မဟုတ်ဘူး-- မဟုတ်ဘူးထင်တယ်
သုတေသနစာတမ်းတစ်ခုပါတဲ့၊
မဟုတ်ဘူး -- မဟုတ်ဘူး
"ဂျွန်ဒင်းဗား" ရဲ့ သီချင်းတစ်ပုဒ်လားကွယ့်
မဟုတ်ဘူး -- မဟုတ်လောက်ဘူး
အချစ်ရူးသူ "ဂျူးလိယက်"
မဟုတ်ပါဘူး
ဥက္ကလာဟိုးမားက ဂုံချင်းတွေပါ
မဟုတ်ပါဘူးကွယ့်
"အာဆူလာ" ရဲ့ နှုတ်ခမ်းသားပါ
မဟုတ်ဘူးဟေ့ -- မဟုတ်ဘူး
ဆူးမရှိတဲ့ ဘိန်းပွင့်အလောင်းပါ
အို ----ဘာပဲဖြစ်ဖြစ်ပါ
လောကကိုဖျားယောင်းဖို့ပဲလိုတယ်
မကောင်းမှုမှာ နစ်ချေပေါ့
စိတ်ရဲ့ သိပ်သည်းမှုကို
သိပ္ပံပညာ အန်မတုနိုင်ပါဘူးကွယ့်။

[၄]

အမြောက်ကျည်ဆံဟာ
ပန်းအိုးအဖြစ်နဲ့ပဲ
အရိုးထုတ်တော့မယ်တဲ့ အချစ်ရေ
တို့တွေ
ကျောက်စရစ်ဖြစ်ဖို့ မလိုတော့ဘူးကွယ့်။

ဘဝရဲ့ပြတင်းပေါက်ကို ဖွင့်လိုက်ပါ
နယူးယောက်မြို့ကြီး လမ်းလျှောက်နေခဲ့ပြီ
ပိတောက်တွေ ဝတ်လစ်စားလစ်ခင်းကျင်းချေပေါ့
"ဒေစီကျော်ဝင်း" နဲ့ "ဆစ်ဒနီတံတား"
စီးဆင်းသွားနေပေါ့။

သီအိုရီအသေတစ်ခုနဲ့
လူ့မြေကို မပေကျံပါစေနဲ့ကွယ့်
ဂန္ဓမာပန်းတစ်ပွင့်လောက်မှ
အချစ်နဲ့အလှကို
သဘောမပေါက်ကြသူတို့ရဲ့
လောကရဲ့ အတွင်းပိုင်းကျကျမှာ
လောကဓံတရားဟာ
ကဗျာနဲ့မေထုန်မီဝဲခဲ့ပေါ့
ဘဲသားမုန့်ပဲ ခေါင်းထဲရှိကြ
မုသားကျမ်းနဲ့ ညစ်ညမ်းမှုထုဆစ်ကြ
လောကရှိရှိသမျှ
အပွင့်အခိုင် အသီးတွေဟာ
[သစ်တောက ရတဲ့သစ်သားနဲ့သစ်တော]
သူတို့နဲ့ဆိုင်တယ်ဆိုတာ
မသိကြချေဘူး။

ကာလသုံးပါးမရှိတဲ့ ကိတ်မုန့်ကိုစားကြပြီး
ကိတ်မုန့်လိုပဲ အစားခံကြနဲ့

အနုပညာတစ်ရပ်ကိုဖြင့်
ဆံပင်မညှပ်ခဲ့ကြပါနဲ့ကွယ်တို့ရဲ့
လောကဓာတ်ဟာ
ကြည်လင်စွာ ကပ်ငြိခဲ့ချေပေါ့
အဲသည်မှာ။

[၅]

သီချင်းဆိုကြ မောင်တို့ရဲ့
တင်တင်ဝင်းမှာ လင်မရှိသေးပါဘူးကွယ့်
လိပ်ပြာလှလှနဲ့
အိပ်ရာခဲ့ကြပါကွယ့်
ကမ္ဘာကြီးကို အသစ်ပြန်စတင်ကြရအောင်။

ဥစ္စာစနေတွေနဲ့
ဘဝကို မပုပ်သိုးပါစေနဲ့ကွယ့်
အော်ဂင်ခလုတ်တွေနဲ့
ပုတ်တလုတ်ရေကန်လေးဟာ
အမှန်ပဲသာယာပါပေရဲ့။

စပျစ်တစ်ခိုင်တော့
သင်တို့ငါတို့ သီးနိုင်ကြတာပဲ
ဘဝရဲ့အဆင်းဟာ ထမင်းမဟုတ်ချေဘူး
မပုပ်သိုးအောင် ဆေးစီရင်ကြ
ပျော်ရွှင်မှုတွေ ရေရောတယ်။

ကြည်လင်မှုကို ခြေဆေးကြ
ကလေးတွေသောက်တဲ့ ရေမှာ
ငွေတွေကြေးတွေ မပါစေနဲ့
ကမ္ဘာကြီးဟာ မှန်မှန်လည်ပတ်နေတယ်။

လိုအပ်ရင်ထပ်လုပ်
မဟုတ်တာတွေဟာ ပုပ်သိုးတယ်။

ဟုတ်တာတွေဟာ သိုးသားမဟုတ်ချေဘူး
ပိုးတွေဘယ်လောက်ကုန်ကုန်
မောင်ပုံစောင်းတတ်ရမယ်။


[၆]

အမြတ်ဆုံးတရားများ
ကပ်သုံးပါးကျော်ရုံတင်မဟုတ်
မြင်ရဲ့မဟုတ်လားမိတ်ဆွေ
ရွှေ့လျားမှုစွမ်းအင်တွေ
မြင်ကွင်းကျယ်ဖြစ်ခဲ့ပေါ့။

ကိုလံဘတ်(စ်)သာ
ကမ္ဘာကြီးကျယ်တယ်လို့ မယူဆခဲ့ရင်
နယူးယောက်မြို့ကြီး
လှပခဲ့မှာ မဟုတ်ချေဘူး။

လူသားနဲ့ကမ္ဘာကြီးခင်ဗျား
မောင်ချောနှယ်ကို
ချိုမြိန်ဖွယ်အချိန်များအကြောင်း
အိပ်မက်ခွင့် ပေးတော်မူပါ
၂၀ရာစုနောက်ဆုံးပတ်မှာ
နိုင်ငံကျော်မင်းသမီးတစ်ယောက်နဲ့
လက်ထပ်ရမှာ ဖြစ်ပါတယ်။ ။

**[၁၉၇၇]**
**ပင်လယ်မဂ္ဂဇင်း အမှတ် [၂]**
**၁၉၉၃ ၊ ဖေဖော်ဝါရီ**



# ကြမ်းပိုးများတဲ့အိပ်ရာ

အမှန်မတော့
ကမ္ဘာကြီး သာယာပျော်ရွှင်ဘွယ်ကောင်းအောင်
လူဆန်ပြီး
သိပ်ယဉ်ကျေးတဲ့
စိတ်ကူးကောင်းသူတွေက
တည်ဆောက်ထားတာဖြစ်တယ်။
မောင်ချောနွယ်ဟာ
အဲသည်အစားထဲကဖြစ်လေရဲ့။

ရေညှိစိမ်းပုတ်
ဖုံးလွှမ်းအုပ်တဲ့
အုတ်တံတိုင်းပေါ်က
ပဒိုင်းပွင့်လေ
သင့်ကိုဖျားယောင်းနေခဲ့ပေါ့
ပန်းပွင့်ထဲက
ဝတ်ရည်လေးကို
သူတို့ကွပ်မျက်ခဲ့လို့
သင်နဲ့ငါ
လာရောက်စေးကပ်ငြိတွယ်ခဲ့ကြရဲ့။

စိုထိုင်းဆတွေ မှိုတက်
မှိုပေါ်မှာ
ပက်ကျိဟာ တွားသွားရဲ့
နှေးတာမြန်တာက ကိစ္စမရှိဘူးလေ
သွားမသွားက ကိစ္စရှိပေရဲ့။

ကမ္ဘာလောကကြီးကို
ယုယသူဟာ
မောင်ချောနွယ်
ဖော်ဝေး
အောင်ချိမ့်နဲ့
သုခမိန်လှိုင်တို့ဖြစ်ကြရဲ့။

ကမ္ဘာကြီးနဲ့စိမ်းသူဟာလဲ
သူတို့ပဲဖြစ်ကြတယ်။

ရေခဲတွေအရည်ပျော်ရန်
ငါ့ကိုခေါ်ပါ
မောင်ချောနွယ်ကိုခေါ်ပါ
ဖော်ဝေးကိုခေါ်ပါ။

မပူသေးတဲ့ရေ
ဆူရန်
ငါ့ကိုခေါ်ပါ
ဖော်ဝေးကိုခေါ်ပါ
မောင်ချောနွယ်ကိုခေါ်ပါ။

ဘယ်သူ့ကိုမှ မတရားမပြောပါဘူးဗျာ
ကျွန်တော်ထမင်းစားတတ်ပါတယ်
ကျွန်တော်တို့ ထမင်းစားတတ်ပါတယ်။

ကျွန်တော်တို့ ရင်ထဲမှာ
ဟာဝိုင်ယီကျွန်းလေး ရှိပါတယ်
လူ့ရွှန်းရှိပါတယ်
ဂျွန်ကီ ရှိပါတယ်
ကျွန်တော်တို့ရင်ထဲမှာ
တင်နီဆင်ရဲ့ ကျောက်မျက်ရွဲများ ရှိပါတယ်။

တို့တွေဟာ
ရေဒီယမ်သတ္တုကို
ရှာဖွေတွေ့ရှိသူ ဖြစ်ရဲ့
မဒမ်ကျူရီဖြစ်ရဲ့
အယ်ဒီဆင်ဖြစ်ရဲ့။

တို့တွေဟာ
အရောင်အဆင်းရဲ့အသံကို
စိုက်ပျိုးနိုင်သူဖြစ်ရဲ့
ပီကာဆိုဖြစ်ရဲ့
ဗင်ဂိုးဖြစ်ရဲ့။

တို့တွေဟာ
အရာဝတ္ထုတွေရဲ့
အလျှားလေးဖက် ထုလေးဖက်ကို
စမ်းသပ်မိသူတွေဖြစ်ရဲ့
ဟီရာကလီးတပ်(စ်)ဖြစ်ရဲ့။
မာ့(က်စ်)ဖြစ်ရဲ့။

တို့တွေဟာ
သံတွေ ခဲတွေကို
တောင်ပံတွေ
တပ်ဆင်နိုင်ကြသူတွေ ဖြစ်ရဲ့
ဗီသိုဗင်ဖြစ်ရဲ့
ရှိုပင်ဖြစ်ရဲ့။

အဆိပ်ရှိတဲ့မြွေပင်
ဟင်းတစ်ခွက်ဖြစ်နေရာ
အဆိပ်မရှိတဲ့ လင်းမြွေ
ဟင်းနှစ်ခွက်ဖြစ်လေပေါ့ခုခါ။

ကျောင်းပြေးဖူးလား
အိမ်ပြေးဖူးလား
ရည်းစားနဲ့ကွဲဖူးလား
ဖဲရှုံးဖူးလား
ဂျင်တိုက်ဖူးလား
လူမိုက်တွေနဲ့ ရိုက်ဖူးလား
ဆေးရှူဖူးလား
အရက်သောက်ဖူးလား
ပခြုပ်အိမ်ရောက်ဖူးလား
အပေါင်ဆိုင်ရောက်ဖူးလား
သင်ဟာလူမို့
အပူတစ်ခုထဲတော့
မလိုအပ်တန်ရာ။

ကန်ရေကိုသောက်ပါ
ဖန်ကလပ်ထဲကရေကိုသောက်ပါ
ကမ္ဘာထဲမှာ
ဘယ်လိုဖူးပွင့်မှာလဲ
အိမ်ဆိုတာ
ဖဲထုပ်လေးတစ်ထုပ်ရှိမှ
ပျော်စရာကောင်းပေမပေါ့။

မိတ်ဆွေ၊ ဘုရားသခင်
လူငယ်နဲ့ အနုပညာ
အတူနေပါစေ
ကမ္ဘာကြီးကို ပျော်ရွှင်ပါစေ။

ကော်ဖီရောင် နေမင်းကြီးထဲမှာ
မြစ်ဟာ
ပျင်းရိစွာ စီးဆင်းလို့
ဘယ်တော့မှ
ဟောင်းလိမ့်မယ်မဟုတ်တဲ့
အချစ်သီချင်းလေးကို နားထောင်ပါ
၁၅-နှစ်သားက သီဆိုလို့နေလေမှာ။

မွန်တီကို ရေလက်ကြားလေးမှာ
ရွှင်ပျော်ပျော်ဖဲဝိုင်းလေး
သွားကျင်းပဖို့
ကမ္ဘာကြီးဟာ
ရွှေအိုရောင်တောအုပ်တစ်ခုလို့
ကျွန်ုပ်တို့
ယူဆနှုတ်ဆက်ထားခဲ့ကြစို့
လာလေ။

“လီနင်”ကို
သင်မညာခဲ့ဘူး မဟုတ်လား
သင်
“ချေ” ကို မညာခဲ့ဘူးမဟုတ်လား
ကျွန်ုပ်သိပါတယ်
နွေးထွေးမှုဟာ
ဈေးကြီး
ဝေးကွာ
သင်ကဗျာလဲစပ်တတ်ရဲ့ မဟုတ်လား။

သင် “ဝင်စတန်ချာချီ” ကို
လိမ်ညာခဲ့တာတော့ရှိပါစေ။

ဆံပင်ဘယ်ခွဲနဲ့
အသည်းရောင်ကိုင်းနေတဲ့
မောင်ချောနွယ်
စွတ်စိုထိုင်းမှိုင်းလှပေရဲ့
ကမ္ဘာထဲမှာ
မောင်ချောနွယ်
ချောင်းကောလေး မဖြစ်ချင်ပါ။

ဗလာစည်တွေက
တယ်ပြီးမြည်နေကြသကိုး
ကမ္ဘာကြီးကလဲ
နာမကျန်းဘူး မဟုတ်လား။

ငွေရှာခြင်းအတတ်
မတတ်တာနဲ့ မတတ်ချင်တာနှစ်ခု
နှစ်ခုလုံး မွေးမြူရေး မအောင်မြင်ပါ

မကာအိုမြို့က
အမှတ်ကိုး "ဘယ်လိုဒူဆေးလ်" မှာ
"မာဂရက်လီး" ဟာနေထိုင်ပါတယ်
သီရိခေတ္တရာပြည်က
တောင်ပေါ်လမ်းကွေ့မှာ
ကျွန်တော်တို့ဟာနေထိုင်လို့
မကာအိုမြို့ကသူနှင့်
မိတ်ဆွေဖြစ်ချင်ပါတော့သည်။

ကျွန်တော်
ဘော့ဒိုင်လင်ကို သိပါတယ်
စိုင်းထီးဆိုင်ကိုသိပါတယ်
မွန်တီကို ရေလက်ကြားလေးကိုသိပါတယ်
"သည်ကွိုက်ဒွန်" ကို သိပါတယ်
သံမဏိသူရဲကောင်းကို သိပါတယ်
အနုမြူကို သိပါတယ်
ဂေါ်ဒီယက်ကိုသိပါတယ်
မာကူတာကို သိပါတယ်
ခင်သန်းနုကို သိပါတယ်
ပုဒ်မ၃၂၀ကို သိပါတယ်
ညိုနိုကို သိပါတယ်။

ကျွန်တော်ဟာ
ကြယ်တွေကို ရေတွက်ဖူးလေရဲ့
လူသားရဲ့ဒုက္ခကို
ငါးမျှားခဲ့ပေရဲ့။

ကမ္ဘာထဲမှာ
ကျွန်တော်သိတာတွေအများကြီးပါ
ပွဲစားလေးမောင်ဘတင့်နဲ့
ဘိန်းစားငပိန်ကိုလဲ သိခဲ့ပါရဲ့
ဒါပေမယ့်
ကျွန်တော်အများကြီးကိုပဲ
မရခဲ့ပါလား။

အများကြီးကို သိပြီး
တစ်ခုမှ မရဘူးဆိုရင်
ဘော့ဒိုင်လင်ကို မသိပါရစေနဲ့
စိုင်းထီးဆိုင်ကို မသိပါရစေနဲ့
မသိပါရစေနဲ့
မသိပါရစေနဲ့
သိပြီးသားနဲ့ မသိရသေးတဲ့အားလုံးကို
မသိပါရစေနဲ့
ခင်သန်းနုကိုလဲ မသိပါရစေနဲ့လား။

ငါ

မာရ်နတ်ကို ယုံခဲ့ပေါ့
ပိုးကိုက်လေတဲ့
သစ်ရွက်လောက်မှ
တန်ဖိုးမရှိ ဥပမိရုပ်မကောင်းလေခဲ့
စိတ်ကူးကောင်းသူရဲ့
ပျော်ရွှင်ဖွယ်လူသားကမ္ဘာ
ကွဲပုခုံးထခဲ့ပေါ့
အားလုံးဟာ။

၂၄နာရီတို့
တရားမဲ့
ကောက်ကျစ်
ငိုကြွေး
သစ္စာမဲ့
၂၄နာရီတို့
သောကဒုက္ခတို့သာ
ယက်ဖွဲ့ခဲ့လေပေါ့။

ကမ္ဘာထဲကရနံ့တွေ
မရှူချင်တော့ဘူး။

ကမ္ဘာထဲကသစ်သီးတွေ
မစားချင်တော့ဘူး
ကမ္ဘာထဲကရေကို
မသောက်ချင်တော့ဘူး

မှောင်မှန်းမသိမှောင်မှောင်လာတယ်
မှောင်မှန်းသိတော့
ပိုပြီးမှောင်တယ်။

ကမ္ဘာထဲက
အချိုဆုံးသစ်သီးကို
သောက်ပါရစေ။

ကမ္ဘာထဲက
အမွှေးဆုံးပန်းကို
စားပါရစေ။

ကမ္ဘာထဲက
အသန့်စင်ဆုံးရေကို
ရှူပါရစေ။

အသာယာဆုံး ရာသီဥတုဟာ
တို့တွေဖြစ်ဖို့ရှိတော့ရဲ့
လိုက်ခဲ့တော့မြနန္ဒာရယ်
အဆိုးဆုံးရာသီဥတုဟာ
တို့တွေဖြစ်ခဲ့ပြီလေ။

တရားမစောင့်တဲ့နတ်ကို
ကြိမ်တို့လေပေါ့ငါ့ကဗျာ။

ဘဝဟာမြက်ရိုင်းထူ
လူတွေဟာ
စည်းစိမ်ခနေကိုသာ
လုယူဖို့စဉ်းစားကြပြီး
ဒုက္ခသောကတွေကိုတော့
လူယူဖို့
နည်းနည်းမှ မကြိုးစားကြဘူး။

ငါ့သေခွက်မှာ
တက်တက်ပြောင်နေပြီ
ကမ္ဘာလောကကြီးကတော့
ဖိုးထောင်
ဂျိုးထောင်ရင်
ငြိမ်နေတော့တာပဲ။

ဘဝကိုသုတေသနလုပ်ပါ
မြောင်းကပုပ်တာ
မြောင်းထဲကျတဲ့
ရွှေပုပ်တာ မဟုတ်ဘူး
တို့တွေဟာ
ကဗျာဆရာပဲ
မြောင်းကပုပ်တာ။

နတ်ရေကန်ထဲခုန်ဆင်းမယ်တဲ့
ဘယ်နှယ့်ဝဇနှစ် ဖြစ်နိုင်မှာလဲ
ကဗျာနို့စို့ခွေးလေးရယ်။

အနုပညာနဲ့လူသားသိက္ခာကို
အဆိပ်မခပ်ခဲ့ပါ
နေရောင်ခြည်ရှိရာအရပ်မှာ
နေပါရစေ
ကျွန်ုပ်သည်
သင့်ကို ပျော်ရွှင်ပါစေ
သင်ဟာ
အမတ်လောင်းပေလား
မျက်စိတစ်ဖက်စောင်းခဲ့ရဲ့။

ကမ္ဘာထဲမှာ ဆားခပ်တိုင်းငန်မသွားတဲ့
အရာနှစ်ခုရှိလေရဲ့
ပင်ကိုယ်က ငန်နေတဲ့
ပင်လယ်ဖြစ်ပြီး
ပင်ကိုယ်က မပြောင်းတဲ့
အမှန်တရားတို့ဖြစ်ရဲ့။

စစ်လိုလားသူဟာ
အန်ကောဝပ်ဘုရားရှိခိုးကျောင်း
သိုးကျောင်းသားလေးနိုဗက်(စ်)
ဂျူးမလေးအက်စသာနဲ့
ပေါလ်တို့ ဖြစ်ကြတယ်။

ကမ္ဘာထဲမှာ
ငြိမ်းချမ်းရေးချစ်သူဟာ
ဟစ်တလာ
တင်နိုဟောကာနဲ့
မူဆိုလိုနီတို့ ဖြစ်ကြရဲ့။

ကမ္ဘာထဲမှာ
စာသင်ကျောင်းဟာ
ပျင်းဘွယ်ကောင်းရဲ့
ပန်းခြံဟာ
ချမ်းမြေ့ဘွယ်ကောင်းပြီး
ဘုရားရှိခိုးကျောင်းဟာ
တည်ငြိမ်လို့
အချိန်ဟာ
နာရီဒိုင်ခွက်ထဲအကျဉ်းကျလို့
တို့တွေက
ဒိုင်ယာရီထဲနေထိုင်ကြတယ်။

လောကကြီးမှာ
လူဖြစ်ရတာလဲ
တကယ်တော့
စိတ်ညစ်ဖို့ကောင်းရဲ့
အိုနာသေဆစ်ဖြစ်ရတာလဲ
စိတ်ညစ်ဖို့ကောင်းရဲ့။
နစ်ဆင်ဖြစ်ရတာလဲ
စိတ်ညစ်ဖို့ကောင်းရဲ့။

မြန်မာပြည်မှာ
အပ်ချုပ်ဆိုင်လေးထောင်နိုင်ရင်
သင်ဟာ
လူရာဝင်ဆန့်မှာ အမှန်ပင်
ဝန်ကြီးချုပ်ရာထူးမှန်း
အောက်တန်းစာရေးလေးနဲ့သာကျေနပ်ရင်
ယန်းပေါလ်ဆတ် သီအိုရီကို
ဒုက္ခရှာလို့ သင်မမေးလိုပါနဲ့တော့
ဘယ်အရာမှစောင့်မနေ
ဖြစ်တာသွားခဲ့ပြီ။


ယနေ့
ကောင်းကင်မှာတို့မြင်ရတဲ့
ကြယ်လေးတွေဟာ
မနေ့ကမြင်ရတဲ့ကြယ်လေးတွေမဟုတ်ဘူးလေ။

ဒုက္ခတွေထဲ
စုန်းစုန်းမြုပ်ခဲ့လေပေါ့
အချစ်ကလေးရယ်
ပိုပြီးချစ်ကြစို့ရဲ့
တို့တတွေ။

ဘဝဟာတို့လက်ထဲကမုန့်လေးပဲဖြစ်တယ်
တို့တွေဟာ
ဇာတ်လိုက်တွေဖြစ်ပြီး
ကမ္ဘာကြီးဟာ
ဖတ်ကောင်းတဲ့စာအုပ်တစ်အုပ်ဖြစ်ရဲ့
လရဲ့ဝိညာဉ်ဟာ
ငါ့ရင်ခုန်သံဖြစ်ရဲ့
ပျံသန်းတဲ့ငှက်ရဲ့
အာသာရမက်အားခွန်ဟာ
ငါ့အိပ်မက်ဖြစ်ရဲ့။
မုန်တိုင်းဟာ
ငါ့ရဲ့ဈာန်ဖြစ်လို့မို့
ခေတ်ဟာ
ငါ့ကဗျာရဲ့ ဗီတာမင်ပရိုတိန်း ဖြစ်လေရဲ့
အချစ်ကလေးရယ်
မင်းမျက်ရည်တွေဟာ
ဂူစတီနာကို မသိခဲ့ဘူးနော်
ဂျွန်၂၁မှာ
ဖိနပ်သစ်လေးတစ်ရံဝယ်ခဲ့တယ်။

**၁၉၇၅ ၊ မေ ၁၀ သီရိခေတ္တရာ**





# ရထား

အမြဲတမ်း နောက်ကျသူ နာရီအိုကြီးလို့
အမြဲတမ်း နောက်ကျနေသူ နာရီအိုကြီးကို တင်ဆောင်ကာ
ရထားထွက်ခဲ့ပြီ။

ကုန်းဘောင်ခေတ် ဘူတာကို
ထားခဲ့၊
အထီးကျန်ရဲတိုက်ကို
ထားခဲ့၊
ချည်မျှင်နဲ့ ရက်ထားတဲ့ အမရပူရမြို့ကို
ထားခဲ့၊
လေတွေနဲ့ အိမ်ထောင်ရက်သားကျသူ
တောင်သမန်အင်းကို
ထားခဲ့၊
သားပျက်ကျသူ သပြေတန်းကို
ထားခဲ့၊
စစ်ပင်ကြီးကိုင်းပြီး တံတားဖြစ်နေတာကို
ထားခဲ့၊
ရထားလာခဲ့ပြီ။

လောကကြီးကြောင်းသမားလေး ရထားလေ
ရထားသွားမှာက
မြစ်မောင်နှံ့ သစ္စာထားတဲ့အရပ်၊

အဲသည်မှာက
နေဟာလည်း မျက်ဖြူလန်လို့ ၊

အဲသည်မှာက
တချို့မြစ်တွေဟာလည်း
အနားယူလို့ပေါ့။

အဲသည်မှာက
တောင်ခိုးနဲ့တိမ်တွေ
လင်ခန်းမယားခန်း အနေအထိုင်တွေကလည်းရှိ၊

အဲသည်မှာက
လဟာပြင်
တောင်တန်းနဲ့မြူတွေ
လူလိုသူလို အနေအထိုင်တွေကလည်းရှိ၊

အဲသည်မှာက
အောင်မြင်စွာ ဆုတ်ခွာခြင်းနဲ့ ကမ္ဘာကျော်ခဲ့
ခုတော့ မုဆိုးမလေးဘဝရောက်ရသူ
ကမ္ဘာကျော် လီဒိုလမ်းမလည်းရှိ၊

အဲသည်မှာက
ကမ္ဘာ့မြေ ရင်ဘတ်ထဲက အသည်းနှလုံးဟာ
အစိမ်းရောင် အသွေးအသားရှိ
သခင်ရှာ သခင်ရှားတဲ့ ရတနာတွေ ဘာတွေဖြစ်
အဲသည် ရတနာတွေက
အပျိုဖော်ဝင်ကြ
အပျိုသွေးကြွကြ
ရည်းစားသနာထားကြ
(ကမ္ဘာနဲ့ လူသားနဲ့ပေါ့)
ပြီး –
လင်ယူကြ သားမွေးကြ
မြွေတွေ တွင်းဝင်ဖြောင့်သလို
လျှောခနဲ၊
ကြောင်တွေ ပေါ့ပါးသလို ပေါ့ပါးကြ၊
ဆင်တွေလို ခွန်အားဗလ ပြည့်ဝကြတာလည်း
ရှိသပေါ့၊

အဲသည်မှာ
လောကဓံတရားကလည်း ဂျပ်ခုတ်ပုဆိုးယက်နေသမို့
ရထားဟာ
အဲသည်ကို ချစ်တယ်ပေါ့၊

ရထားက
အဲသည်ကို စွဲလမ်းတယ်ပေါ့၊

ရထားက
အဲသည်မှာ ပျော်တယ်ပေါ့၊

ရထားရင်ခေါင်းထဲ
ဘယ်လို ရာသီဥတု ရောက်နေသလဲ
လူတွေ လူတွေ
မသိကြချေဘူး။

ရထားအပေါ် ဗိုလ်ကျစိုးမိုးပြီး
ကိုယ်လိုရာခရီး ရောက်ဖို့ပဲ
စိတ်တွေ
စောနေကြ
ရထားလာခဲ့ပြီလေ။

ရထားပေါ်မှာ
ဗုံသံတွေထဲ
ကွဲကျခဲ့သူ လူငယ်တစ်ယောက်လည်းပါရှိ၊

အဲသည်လူငယ်က ဖြားယောင်းခဲ့လို့မို့
ဆရာဝန်ဘဝ မေ့ခဲ့ရသူ
ကောင်မလေးတစ်ယောက်လည်းပါရှိ

ရထားတွဲတစ်တွဲလုံး
ငေါက်ငမ်းသူလည်းပါရှိ၊

နွားပွဲပြန် အရက်မူးတောသား
စကားတဖောင်ဖောင်လည်းပါရှိ၊

မြို့တစ်မြို့လုံး
ဝယ်ချမ်း စားသောက်ခဲ့သူလည်းပါရှိ

ဆယ်ဘဝပြောင်းလည်း
သစ္စာမရနိုင်သူလည်းပါရှိ

အရက်မသောက်လိုက်ရတဲ့
မြို့တစ်မြို့လည်းပါရှိ၊

“ငွေကို ရေချိုးချမှ ရောဂါပျောက်တယ်ဗျ”လို့ ပြောပြီး
အမှန်တကယ်
နလန်ထလာသူလည်းပါရှိ၊

ကားလည်းမရှိ အိမ်လည်းမရှိ
အကြွေးလည်းမရှိ
မရှိသူလည်းပါရှိ

မကောင်းမပြောချင်ပေမယ့်
ပြောလိုက်မိပါရဲ့
သုံးလင်ပြောင်းတဲ့ မိန်းမလည်းပါရှိ၊
သုံးကျောင်းပြောင်းတဲ့ ရဟန်းလည်း ပါရှိသပေါ့။

ဘယ်တောဝင်ဝင်
ဘယ်တောင်တက်တက်
အရောင်မပြောင်းဘူးဆိုတဲ့
ကင်းလိပ်ချောလည်းပါရှိ

ကိုယ်ကျိုးစွန့်သူ
သူဆင်းရဲသားလေးလည်းပါရှိ

ဒေသထွက် ရာသီစာလေးတွေလည်းပါရှိ

ကမ္ဘာသုံး ဘာသာစကား ပြောတတ်ရုံနဲ့
အနုပညာရပြီလို့
ဘဝင်မြောက်နေတဲ့သူလည်းပါရှိ

ကြေးစားဘဝမှာ နူဝဲနေသူနဲ့
သူ့ရဲ့ကိုယ်နံ့လည်းပါရှိ

မုဆိုးခြံက မယားနဲ့ ကွဲနေသူလည်းပါရှိ

နွားခိုး ဘိန်းစားနဲ့ ဘုရားတကာလည်း
ပါရှိခဲ့တယ်ပေါ့
ရထားလာခဲ့ပြီ။

ရေနစ်နေတဲ့ ကျောက်ခဲရဲ့
တသွင်သွင်မျက်ရည်လည်းပါရှိ

ခါးတောင်းကျိုက်ပြုတ်ကျတဲ့
ချောတိုင်တက်သမားလည်းပါရှိ

ရထားဟာ
ကုန်သည်လေမုန်တွေကိုလည်း
သယ်ဆောင်လာခဲ့ရ

ရထားဟာ
ရွှေဘိုမြင်းပေါက်စတွေကိုလည်း
သယ်ဆောင်လာခဲ့ရ

ရထားဟာ
ကြက်ခြင်းနဲ့ ကြက်ခြင်းထဲက ကြက်တွေကိုလည်း
သယ်ဆောင်လာခဲ့ရ

ရထားဟာ
သဲကန္တာရ အသွင်ပြောင်း နေထိုင်တဲ့
ပင်လယ်ကိုလည်း
သယ်ဆောင်လာခဲ့ရ

ရထားဟာ
မြို့အရက် တောအရက်တွေကို
အားပေး သောက်သုံးခဲ့ရ
သယ်ဆောင်လာခဲ့ရ

ရထားဟာ
ညအနေအထိုင်နဲ့ နေ့တွေကို
သယ်ဆောင်လာခဲ့ရ

ရထားဟာ
သူဖြတ်ကျော် နင်းမိသမျှ
တံတားတွေကိုလည်း
သူပြန်တင်ဆောင်လာခဲ့ရ

ရထားဟာ
သူကြည့်မိသမျှ
ရှုမျှော်ခင်းတွေ
အဲသည် ရှုမျှော်ခင်းတွေရဲ့
ကိုယ်ရည်ကိုယ်သွေးတွေကိုပါ
သူပြန်တင်ဆောင်ခဲ့ရ

ရထားဟာ
သူ့ခေါင်းပေါ်က
ကိလေသာတိမ်တိုက်တွေကိုလည်း
တင်ဆောင်လာခဲ့ရ

ရထားဟာ
သူ့အောက်က
သိမ်ငယ်စိတ်မွေးတဲ့ ချောင်းပေါက်စတွေကိုလည်း
တင်ဆောင်လာခဲ့ရ

ရထားဟာ
သူ့ဘေးဝဲယာက
လောကပါလ တောင်တန်းတွေကိုလည်း
တင်ဆောင်လာခဲ့ရ

ရထားဟာ
လောကီကြောင်းသမားဆိုတော့
မိုင်းမနင်းမိအောင်လည်း
ခမျာမှာ သတိကထားရသေးသပေါ့၊

ဒါပေမယ့်
ရထားလာခဲ့ပါတယ်။

သည်လိုနဲ့
ရထားဟာ
ရုပ်ရည် သနားကမားမြို့တွေ
ချိုင်းချွေးစော်နံတဲ့ အိုးအိမ်တိုက်တာတွေ
အသံကောင်းတဲ့ တောအုပ်တွေ
အမြဲစိမ်းတောနဲ့ ရွက်ကြွေတော
ကိုယ်လက်နှီးနှောကြ ဒေသတွေ
ဖားတို့ရဲ့ ဩဂတ်စတာ လယ်ကွင်းတွေ
သစ်ခုတ်သမား လက်စွမ်းပြ
တောပြောင်ပြောင်တွေ
ပေါင်မုန့်မီးကင်ထားသလို
မြို့တွေ
မုန့်လေပွေလို ရွာတွေ
ရထားဟာ
ဘဏ်စာရေးတစ်ယောက် ငွေတွေရေတွက်သလို
တစ်မြို့ပြီးတစ်မြို့ ရေတွက်
တစ်ခုပြီးတစ်ခု ရေတွက်
တစ်တောင်ပြီးတစ်တောင် ရေတွက်
အားလုံးကို ရေတွက်
ရထားခရီးဆက်ခဲ့တယ်ပေါ့။

သည်လိုနဲ့
ရထားဟာ
နဘားဆိုတဲ့
အပ်နဖားပေါက်ကလေးတစ်ပေါက်မှာ
မျက်နှာသစ်ပြီးတဲ့နောက်
ရှေ့ခရီးဆက်မယ်လို့
ရေထိတဲ့ကြောင် အမွေးခါသလို
သူ့ကိုယ်ကို လှုပ်ခါလိုက်ချိန်မှာ

နှစ်သုံးဆယ်လုံးလုံး ပျောက်ဆုံးနေတဲ့
မြို့တစ်မြို့
ဘီးလိမ့်စ ရထားပေါ်
ဖျတ်ခနဲ ခုန်တက်လိုက်ပါ
ရထားပေါ် ရထားပါလာခဲ့တာကိုပဲ
ရထားပေါ် ရထားတင်ခဲ့ရတာကိုပဲ

ရထား
စိတ်ပျက်ခဲ့တယ်
ရထားလာခဲ့ပြီ။ ။

**၁၉၉၀**



မောင်ချောနွယ်

(၁၉၄၉-   )

၁၉၄၉ - ခုနှစ်မှာ
မောသည့် ကမ္ဘာလောကကြီးကို
ရှုံ့ဆို ဖော်ကြဖို့
အမေ့သားအိမ်ကနေ
ကမ္ဘာ့သားအိမ်ကြီးထဲ ရောက်ခဲ့တယ်။

မောင်ချောနွယ်

ပွင့်သစ္စာအိမ်
စာအုပ်ထုတ်ဝေရေး
၃၆၊ ဗေဒါလမ်း၊ စမ်းချောင်း၊ ရန်ကုန်။

မုံရွေးစာစဉ် (၁၀၁)

# မောင်ချောနွယ်အစာ

မောင်ချောနွယ်

စာမူခွင့်ပြုချက်အမှတ် - ၂၇ / ၂၀၀၂ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၆ / ၂၀၀၂ (၁၀)

■

ပုံနှိပ်ခြင်း
ဒုတိယအကြိမ်

■

အုပ်ရေ
၅၀၀

■

ထုတ်ဝေခြင်း
ဒီဇင်ဘာလ၊ ၂၀၀၂

■

မျက်နှာဖုံးပန်းချီ
ကိုကိုနိုင်

■

ကွန်ပျူတာစာစီ
မုံရွေး

■

စာအုပ်ချုပ်
ကိုတင်အေး

■

ထုတ်ဝေသူ - ဦးတင့်လွင်၊ သော်ကစာပေ
အမှတ် ၆၀၅၊ သုမ္မောလမ်း၊
မြောက်ဥက္ကလာ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးထွန်းလင်း၊ ဖိုးဝအော့ဖ်ဆက် (၀၆၃၆၂)
၁၄၀၊ ၄၅လမ်း (ထက်)၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့၊

တန်ဖိုး - ၃၀၀ကျပ်

# မာတိကာ

၁။ ကဗျာဆရာနှင့် ပင်လယ်ဓားပြ i
၂။ မြည် ၁
၃။ ကိုယ်လက်သန့်စင်ထားတဲ့နေ့ ၂
၄။ ဖြစ်ခဲ့တယ် ၄
၅။ ဟိုတယ် ၈
၆။ ဝတ်မှုန်ကူးကြ ၁၀
၇။ လက်တစ်ဖက်တည်းပညာရှိနေတဲ့ ညနေခင်း ၁၂
၈။ မြို့တစ်မြို့က ဝှက်ထားတဲ့ ဖဲချပ်များ ၁၄
၉။ အတွင်းသံ ၁၆
၁၀။ အချစ်ကြောင်းပြောတဲ့ ည ၁၈
၁၁။ ငါ့လျှာပေါ်က ဆာတေးရီးယန်းမြက်ခင်း ၂၂
၁၂။ ဆေးစစ်ခံတဲ့ ည ၂၅
၁၃။ မျှော်လင့်ခြင်း ထမင်းသိုးများ ၂၈
၁၄။ မစဉ်းစားခြင်း သေတ္တာ ၃၄
၁၅။ ပင်မှည့်တေး ၃၆
၁၆။ လေးသည်တော်ဝီလျံတဲ(လ်)၏ မြားချက်များ ၃၉
၁၇။ မစ္စတာဒဗလျူကာလက်ရဲ့ မှတ်တမ်းအရ ၄၂
၁၈။ ကြယ်ပြာလေးနဲ့ ထမင်းစားပြီးတဲ့နောက် ၄၅
၁၉။ မောင်ချောနွယ် အတု ၅၁
၂၀။ နှလုံးသားထဲကို ရေမသွန်ပါနဲ့ ၅၄
၂၁။ နတ်တို့ခိုးဝှက်ခြင်းခံရတဲ့ ကဗျာ ၅၆

မောင်ချောနွယ်

---

## ကဗျာဆရာနဲ့ ပင်လယ်စားပြ

ကမ္ဘာမြေပေါ်က တစ်နေရာရာမှာ တစ်စုံတစ်ခုဟာ အမြဲမှားယွင်းနေခဲ့ပါလိမ့်မယ်။ သင်္ဘောပျက်တစ်စင်းပေါ်က အိပ်မက်တွေကို ကျွန်တော်က စာနာဖို့သိခဲ့တယ်။ အဲဒီအတွက်တာ ကျွန်တော်ရဲ့ ပျော်ရွှင်ခြင်းတွေဟာ သောင်တင်သင်္ဘောတစ်စင်းဖြစ်ခဲ့ရတယ်။ မြောက်မြားလှစွာသော မှားယွင်းခွင့်များရှိခဲ့တဲ့အတွက်၊ ကျွန်တော်က၊ မောင်ချောနွယ်က၊ အသက်ရှင်ခြင်းတရားကို အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုက်ပါရစေ။

ဘာတစ်ခုမှ အစဉ်မပြေတာကိုရော၊ ကံဆိုးမှုအကြိမ်ကြိမ်ကျရောက်ရတာကိုရော၊ ရောဂါပိုးမွှားတွေ ထူထပ်သိပ်သည်းနေခဲ့တာကိုရော၊ တစိမ့်စိမ့် တစ်မြေ့မြေ့ နာကျင်ပြီး ဆာလောင်နေရတာကိုရော၊ ကိုယ်ကချစ်လိုက်ပြီး ပြန်အချစ်ခံခွင့်ရတာကိုရော အမုန်းခံလိုက်ရတာကိုရော၊ အစစစုပေါင်းဖြစ်တည် ပျက်ယွင်းနေတဲ့ ဒီဘဝတိုတိုဆိုတာလေးကို အထူးလှိုက်လှဲစွာ ကျေနပ်လှပါတယ်။ (လူသားတစ်ယောက်နဲ့ တစ်ယောက် နှုးညံ့ခြင်းပြိုင်ပွဲမရှိခဲ့တာကိုတော့ ကျွန်တော်က ရယ်သွမ်းသွေးလိုပါတယ်။) ပျော်ချင်တဲ့အချိန်မှာ လူတစ်ယောက်ရသင့်တဲ့ ကိုယ်တာလောက်ပဲ အခွင့်ရလိုလှပါတယ်။ အဲဒီလိုဆိုဖြင့် ခုလက်ရှိ ခန္ဓာကိုယ်နဲ့ ဘဝကိုရော၊ အသက်ရှင်ခြင်းတရားကိုရော၊ လူတွေရဲ့ ကပ်ပါးပိုးဆိုတာကိုရော၊ ကျွန်တော်က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ပါကြောင်း။

အရက်၊ တရားဓမ္မ၊ အမှားအယွင်း၊ ကာမဂုဏ်၊ ရန်သူ၊ မိတ်ဆွေ၊ အမှန်တရား၊ ရိုးသားမှု၊ ချစ်ခြင်းမေတ္တာ၊ ကျွန်းသစ်၊ မြို့ရွာ၊ နိုင်ငံ၊ နေမင်းကြီး၊ လမင်းဖြူဖြူ၊ ခိုပြာရောင်ကြယ်ကလေးများနဲ့၊ ငွေစံပါယ်ဆေးပေါ့လိပ်ကလေးများကိုလည်း အထူးပဲ ကျေးဇူးတင်ရှိလှပါတယ်။ ဆယ့်ခြောက်(၁၆)အောင်စ အလေးချိန်ရှိတဲ့ လူသားရဲ့ အသည်းနှလုံးဟာ တစ်နေ့ကို အကြိမ်ပေါင်းတစ်သိန်းတိတိ ခုန်ချက်ရှိတယ်လို့ ဆေးဘက်ဆိုင်ရာကျမ်းတွေက ဆိုတယ်။ လူတစ်ယောက်ရဲ့ တစ်နေ့တာ နှလုံးခုန်ချက်ဟာ အကြိမ်တစ်သိန်း ခုန်ချက်ရှိတယ်ဆိုတဲ့ အထက်ပါဆိုလိုချက်ကို ကျွန်တော် လက်ခံပါတယ်။

ဒါပေမယ့် ကျွန်တော့်အလိုအရတော့ အကြိမ်တစ်သိန်းတိတိခုန်ချက်ဟာ ထိချက်တစ်ချက် မဖြစ်နိုင်ဘူး။ အခိုက်ခါတ်တစ်ခု မဖြစ်နိုင်ဘူး။ ခိုက်ထိချက်တစ်ချက် မရနိုင်ဘူး ပြီးတော့ ထိချက်တစ်ချက်ဟာလဲ မှော်သားခါတ်မစေးကပ်နိုင်၊ မပါဝင်နိုင်ပြန်ဘူး။ အဖိတ်အစဉ်ရှိသလို မှော်သားအထူအပါးလဲ ကွဲသွားနိုင်ပါသေးတယ်။ ထားပါတော့၊ ထိချက်တစ်ချက်လဲဖြစ်ခဲ့ပြီ။ အခိုက်ခါတ်လဲ ဖြစ်ခဲ့ပြီ၊ မှော်သားလဲ ပါဝင်ခဲ့ပြီဆိုရင်တော့ အဲဒါဟာ အနုပညာပဲ၊ ကဗျာပဲ၊ အစစ်ရတနာပဲပေါ့။ ) နီဝါပြာစိမ်းတွေ ကွဲနိုင်ပါရဲ့၊ အရောင်ကွဲပြားမှုကတော့ သွေတန်ဖိုး အမျိုးအစားလိုက်ပေါ့။ ရှိပါစေ။ လူဆိုတာ ဘုရားသခင်က ကိုယ့်ကို ဘာပေးလိုက်တယ်ဆိုတာ သိဖို့လိုတယ်လို့ ကျွန်တော်ခံယူထားတယ်။ ဘုရားသခင်က ကျွန်တော့်ကို အဲဒါပေးခဲ့တယ်။ ကဗျာ။ ကျွန်တော်က သေးသေးမွှားမွှား ဘဝတိုတိုလေးမှာပင် ကိုလံဘတ်စ် ဖြစ်ချင်တယ်။ နယ်သစ်ပယ်သစ်တွေရှာဖွေချင်တယ်။ ကျွန်းသစ်မြေသစ်တွေကို စိတ်ဝင်စားတယ်။ လူသားတစ်ယောက်ဟာ ဘယ်လောက်ဝပ်အား ပျော်ရွှင်လင်းထိန်နိုင်သလဲ။ ကျွန်တော်က မဒမ်ကျူရီလည်း ဖြစ်လိုက်ချင်သေးတယ်။ ပြီးတော့ အက်ဒီဆင်၊ ပြီးတော့ မိုက်ကယ်အင်ဂျလိုဖြူရိုနာတီ၊ ပြီးတော့ ကဗျာဆရာ အိုမာခရမ်လည်း ပါတယ်ပေါ့။ သူတို့လိုပဲ ဝိုင်မူးမူး၊ နက္ခတ်ဗေဒမှာ ကျွမ်းကျင်သူ၊ ပြီးတော့ ပြက္ခဒိန်သစ်တွေ ဘာတွေ တီထွင်ချင်တယ်။

ကမ္ဘာကျော်အဆိုတော်တစ်ယောက်ကသူ့သီချင်းအယ်လ်ဘမ်ကို ဟောဒီလို နာမည်ပေးခဲ့တယ်။ ပင်လယ်ဓားပြနဲ့ ကဗျာဆရာ. . . . တဲ့။ ညီမျှခြင်းတစ်ခုကို သူ့ရဲ့ရှုထောင့်ကနေ ဆွဲပြထားတဲ့ ဒီသီချင်းမှာ သူ့ဆိုလိုချက်က ပင်လယ်ဓားပြတွေကလည်း ရတနာကျွန်းကို ရှာဖွေခဲ့ကြတယ်။ ကဗျာဆရာတွေကလည်း ရတနာကျွန်းကို ရှာဖွေခဲ့ကြတဲ့သူတွေဖြစ်ပါတယ် . . . . တဲ့။

ကမ္ဘာမြေကြီးရဲ့ ရင်ခေါင်းထဲကို အနက်ရှိုင်းဆုံးတူးဆွလာတဲ့ မြေတူးသမားဟာ သူ့လက်ထဲက သံတူရွင်းတစ်ချက်အတူးမှားရင်၊ တွေ့ထားတဲ့ကျောက်မျက်ရတနာပဲ့ရွဲ့ပြီး တန်ဖိုးဆုံးရှုံးနိုင်သလို၊ တစ်ချက်မှားယွင်းပြန်ရင်လည်း မြေကြီးတွေ ကိုယ်ပေါ်ပြိုကျပြီး အသက်ဆုံးရှုံးနိုင်ပါတယ်။

တကယ်တော့ ကဗျာဆရာဆိုတာ ကိုလံဘတ်စ်လည်းဖြစ်၊ မဒမ်ကျူရီလည်း ဖြစ်၊ မာကိုနီလိုလည်း ဆောင်းတွင်းအိပ်မက်တွေနဲ့ ကမ္ဘာကို ဆက်သွယ်နိုင်သူ၊ မဒမ်ကျူရီမြေကို လင်းထိန်စေသူနဲ့ အိုမာခရမ်လို ဝိုင်မူးမူးနဲ့ နှလုံးခုန်ချက် တစ်သိန်းထဲက ထွက်လာတဲ့ ခုန်ထိချက်တစ်ချက်ကို မှော်သက်သွင်းပြီး ထိခိုက်ချက်နဲ့ ကမ္ဘာနဲ့ လူသားဆီကို ပေးပို့လိုက်တာက ခု . . . သင့်လက်သူကြွယ်မှာ ဝတ်ဆင်ထားတဲ့ မြလက်စွပ်ကလေးပါပဲ။

မောင်ချောနွယ်
၁၉၈၅



# ပြည်

လဝန်းထဲ
ပွဲကြည့်လှေကလေး လှော်ခတ်ဝင်သွား
လမ်းရွေးမှားသူ မြစ်၊
နှစ်ထပ်သင်္ဘောမြို့ကလေးပေါ် နားခဲ့ပေါ့။

## ကိုယ်လက်သန့်စင်ထားတဲ့နေ့

ဒီမှာ
စာမဟုတ်တဲ့ စာတစ်စောင်
အော်သံတစ်ခု
ပင်လယ်နက်နက်ထဲက
လူတွေမမြင်သာတဲ့ ပင်လယ်နက်နက်ထဲကလာတာ
ဒါဟာ
သတင်းပို့ချက်တစ်ခု
သို့မဟုတ်
ရတနာကျွန်းရှိရာ ပြညွှန်မြေပုံတစ်ခု
အိပ်မက်တစ်ထောင်ညတွေ ပါတယ်
အမြဲစိမ်းသစ်တောတစ်ခု ပါတယ်
ဆယ်ဘဝစာ အမောမီးခိုး ပါတယ်
ရွှေသားမီးလျှံတစ်ခုလည်း ပါတယ်
ရေကန်လေးတစ်ကန်သာ တောင့်တတဲ့



တစ်ဝက်မှိုတက်ခံရတဲ့
နုပျိုမှုတွေပါတယ်
လက်ခံပါ
ဘာတစ်ခုမှ မပြန်ကြားရင်နေပါ
ဘာတစ်ခုမှ ဆောင်ကျဉ်းမပေးရင်နေပါ

ခေတ္တလောက်တော့
နားဆင်ကြည့်လိုက်စမ်းပါ
သင့်ရဲ့ လူ့အဖြစ်ကို
အံ့ဩထိတ်လန့်ဖွယ်ရာ
သင် . . . . တွေ့ရှိရမှာ ဖြစ်ပါတယ်။

## ဖြစ်ခဲ့တယ်

အဲဒါဟာ
မိခင်မြတ်ရဲ့ သားအိမ်ထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
နာမ်အလုပ်ကိုလုပ်တဲ့ ပြည်မြို့ကလေးမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
ကြိယာ အလုပ်ကိုလုပ်တဲ့ ဖြူးမြို့ကလေးမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
ညစာပျောက် ညတစ်ညရဲ့ ဆာလောင်မှုမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
အိမ်ပြေးတစ်ယောက်ရဲ့ ကြေကွဲရခြင်းထဲမှာ

အဲဒါဟာ
သင်္ချိုရတနာရားရဲ့ လေညှင်းခံမှုထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
မာကိုနီရဲ့ ဆောင်းတွင်းအိပ်မက်ထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
ဖိရှန်နွားတစ်ကောင်ရဲ့ ဇီးအိမ်ထဲမှာ ဖြစ်ခဲ့တယ်
အဲဒါဟာ
ပင်စင်စား အရာရှိတစ်ဦးရဲ့
ချယ်ရီသား တုတ်ကောက်ထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
မြင်းမွေးညှပ်သမားရဲ့ ကတ်ကျေးထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
သွားတွေတစ်ချောင်းမှ မရှိတော့တဲ့
သွားဆရာဝန်မှာ ဖြစ်ခဲ့တယ်။
အဲဒါဟာ
ရေဦးရေဖျား မြို့ကလေးမှာ ဖြစ်ခဲ့တယ်။
အဲဒါဟာ
ငရုံ့ခေါင်းတိုလို ခေါင်းရှိပြီး
ပုက္ကကွကောင်တစ်ကောင်ရဲ့ ငယ်ထိပ်ပေါ်မှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
နှစ်ထပ်သင်္ဘောနဲ့တူတဲ့ မြို့လေးမှာ

အဲဒါဟာ
တစ်တောလုံး တစ်တောင်လုံး ချက်ကြွေးတဲ့
သဒ္ဒါတရားထဲမှာ ဖြစ်ခဲ့တယ်။
အဲဒါဟာ လဲမှို့တွေအန်ထွက်နေတဲ့
ခေါင်းအုံးပေါက်တစ်လုံးမှာ ဖြစ်ခဲ့တယ်။
အဲဒါဟာ
နိုင်ငံရေးမရှိတဲ့ မွေးမြူရေးငါးတွေမှာ
ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
စကြဝဠာကိုမှူးတဲ့ ပါးစပ်ကြီးမှာ
ဖြစ်ခဲ့တယ်
အဲဒါဟာ
ချစ်ခြင်းမေတ္တာရဲ့ ချောင်းနားကမ်းစပ်မှာ
ဖြစ်ခဲ့တယ်
အဲဒါဟာ
ယန္တရားလို့ခေါ်တဲ့ တိုက်ကြက်ဖရဲ့ စလုတ်ကြီးထဲမှာ
ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
အဲဒါဟာ
ဘိန်းစားတစ်ဦးရဲ့ ဖြောင့်ချက်ထဲမှာ
ဖြစ်ခဲ့တယ်
အဲဒါဟာ
ဖြစ်ခဲ့တယ်
ဟုတ်တယ်
ဖြစ်ခဲ့တယ်

အဲဒါဟာ
ဖြစ်ခဲ့တယ်
လူဖြစ်ပြီး တိုက်ကပ်ပန်းပင် တစ်ပင်လိုလို
ပြီးတော့
ပန်းလဲမပွင့်တဲ့ ကောင်တစ်ကောင်မှာ ဖြစ်ခဲ့တယ်
လောကကြီးမှာ
ငွေမရှိတာလောက် အောက်တန်းကျတာမရှိဘူး
အဲဒါဟာ ဖြစ်ခဲ့တယ်၊
ဗန်ဂိုးနဲ့ လော်ရကာတို့ရဲ့ အိပ်မက်ဟာ
ဖြစ်ခဲ့တယ်
စဉ်းတီတုံးပေါ်က နန့်ကျောဆွဲတဲ့ငါး
အသက်လက်လွှတ်လိုက်ရခြင်းမှာ ဖြစ်ခဲ့တယ်။
ရေတာရှည်ခြင်း မြို့ကလေးက
တောပြဇာတ်ကလေးမှာ ဖြစ်ခဲ့တယ်။
ရွှေလီမွှော်သီး ဖိနပ်ကလေးတစ်ရံရဲ့
ရယ်မောသံမှာ ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တာတွေဟာ ပျက်ခဲ့တယ်
ပျက်ခဲ့တာတွေဟာ ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
ပျက်ခဲ့တာတွေဟာ ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
ပျက်ခဲ့တာတွေဟာ ဖြစ်ခဲ့တယ်။

## ဟို တ ယ်

လတ်လတ်ဆတ်ဆတ်ကိုက်ဖဲ့ပြီးစ
ဖရဲသီးအဝါလို
'လ'နှယ်
အချိုရည်တွေ ဘစက်စက်ရွဲကျ
အစေ့တွေကတော့ အဖြူစကြယ်တွေ
ဗရပွကြဲ
ပိုးသားအိအိတိမ်တိုက်တွေ စိတ်လေလွင့်ကြ
ဆင်ခြင်တုံငှက်တွေ ငါ့ခန္ဓာကိုယ်ထဲက
သန်းပေါင်းများစွာ
ငါ့ခန္ဓာကိုယ်ထဲက ပျံထွက်ကုန်ကြ
သူတို့ တောင်ပံရိုက်ခတ်သံဟာ ...
မြေတွန်သံတွေဖြစ်သွားကြပြီး
နိုက်ကလပ်တစ်ခုမှာ
ခြေလွတ် လက်လွတ် မူးယစ်ကခုန်သူတွေလို



ဘဝကို
အကျီချွတ်သလို ချွတ်ချလို့မရတဲ့ ည
ဘဝကို ခြေအိတ်စွပ်သလို စွပ်ချလို့မရတဲ့ ည
ညက ညကို ပြန်မျိုလို့မရတဲ့ ည
ဘယ်လိုမှ ရေရောသောက်လို့မရတဲ့ ည
အဲဒီညတွေဟာ
ဟိုတယ်ထဲ ခုန်ပေါက်ဝင်သွားတဲ့အခါ
ဟိုတယ်တွေက လက်လွတ်ထွက်ပြေးလာ
ညတွေဟာ
ဟိုတယ်ဖြစ်ခဲ့တယ်။

## ဝတ်မှုန်ကူးကြ

ဝမ်းနည်းမှုနဲ့သာ
ကျန်းမာခဲ့ရ
ဆင်ခြင်တုံမှု မိုက်ခရိုစကုပ်ထဲ
ဘဝဟာ စားသုံးပင်တစ်ပင်တဲ့
လောက်တဖွားဖွားနဲ့လေ။
ဘယ်မှာလဲ
ရွှေအသက်ရှူသံတွေ
တုံးလုံးပက်ခေါက်လဲကျ
စကြဝဠာ လေးလံပိကျလာ
'အက်စကေလေတာ'တွေမှာ
အစာအိမ်မရှိ
ငါတို့တွေမှာ ရှိခဲ့တယ်။
ကမ္ဘာမြေ ဟက်တက်ပွင့်



အသားတွေ
အဖတ်လိုက် အဖတ်လိုက်ကွာကျ
ငါးသည်မဗန်းထဲက ငါးပြေမတွေလို
ကြယ်တံခွန်တွေ
တဖျတ်ဖျတ် ထခုန်
နမ်ကြောနဲ့ သွေးသားတွေ
ဘယ်ကွန်ပျူတာမှာ ရှိခဲ့သလဲ
ငါတို့တွေမှာ ရှိခဲ့တယ်။
ဝတ်မှုန်ကူးကြ
အထူးဝတ်မှုန်ကူးကြ
အဲဒီ ပျစ်ပျစ်နှစ်နှစ်ညတွေနဲ့။
ဝတ်မှုန်ကူးကြ
အဲဒီဟိုတယ်နဲ့တူတဲ့ အပြုံးခွက်ခွက်ကြီးနဲ့။
ဝတ်မှုန်ကူးကြ
အဲဒီ သွေးလေမြန်ဆန်တဲ့ မြို့ကြီးတွေနဲ့။
ဝတ်မှုန်ကူးကြ
အထူးဝတ်မှုန်ကူးကြ
လာခဲ့ပြီ
ကဖို့
မြို့ရွာတို့ ကဖို့လာခဲ့ကြပြီ။

## လက်တစ်ဖက်တည်း ပညာရှိနေတဲ့ ညနေခင်း

အဲသလိုနဲ့ ညနေခင်းဟာ
မြို့ကြီးကို ဟမ်ဘာဂါမုန့်လို
တဝတပြဲ မှာစား။
အဲသလိုနဲ့ ညနေခင်းဟာ
မြို့ကြီးကို မိနီမားကက်တွေမှာ
စိတ်တိုင်းကျ ဝယ်ခြမ်း
အဲသလိုနဲ့ ညနေခင်းဟာ
မြို့ကြီးကို ဟိုတယ်ခေါ်သွား
ပြီးတော့
မြို့ကြီးကို ဗိုင်တွေဘာတွေတိုက်
ပြီးတော့
မြို့ကြီးကို ဘဲကင်တစ်ခြမ်းအဖြစ်မှာစား
ပြီးတော့
မြို့ကြီးကို မာဘိုရိုစီးကရက်လို
မာန်ပါပါ ခဲ။



အဲသလိုနဲ့ ညနေခင်းဟာ
နောက်ဖေးလမ်းကြားနဲ့တူတဲ့
သူ့အိမ်ရာဆီပြန်ဖို့
သူ့အန်ဖတ်ပုံကြီးကို
ကျွတ်ကျွတ်အိတ်ထဲထည့်ပြီး
မြို့ကြီးကို အငှားကားလို ငှားစီးသွားပြီပေါ့။

## မြို့တစ်မြို့က ဝှက်ထားတဲ့ဖဲချပ်များ

မြို့ဟာ
ဖုန်ထူခြင်ပေါ လောကဓံတရားရယ်
အဲဒီ လောကဓံတရားနဲ့ သောက်ဖော်စားဖက်
ရေမိုးရှားပါးခြင်းရယ်
လမ်းဘေးမှာ
ပေါပေါလောလောဝယ်ရတဲ့ ပစ္စည်းလို
ခပ်ညံ့ညံ့ တွေးခေါ်မျှော်မြင်မှုတွေရယ်
သူတစ်ပါးရဲ့ လုပ်အားခကို
ဈေးချိုချိုနဲ့ စုတ်ယူရာအောင်မြင်တဲ့
ပုက္ကကွ စလုတ်ကြီးတစ်လုံးရယ်
မိလ္လာပိုက်ပေါက်သလို ပေါက်ပြဲနေတဲ့
ပါးစပ်တွေရယ်
အဲဒါတွေကိုတော့
လှမယ်ထင်လို့
မြို့ဟာ



မြို့ဟာ
ဟောဒီဖဲချပ်ကိုတော့ ဝှက်ထားလေရဲ့။
မြို့ဟာ
စင်ရိုးစွန်းမှာ
တစ်ကိုယ်တည်း ဟိုတယ်စာ သွားသွားစားတတ်တဲ့
အကြင်နာတရားပုံ သံတုံးတစ်တုံးကို ဝှက်ထားတယ်။
မြို့ဟာ
လမင်းနဲ့ ညှိခံတတ်တဲ့ ရပ်ကွက်တစ်ခုကိုလဲ ဝှက်ထားတယ်။
မြို့ဟာ
စကားပြောတတ်စ ကြယ်ကလေးတစ်ပွင့်ကိုလဲ ဝှက်ထားတယ်။
မြို့ဟာ
လူသားစစ်စစ်ဖြစ်ရက်နဲ့
ကုလားအုတ်တစ်ကောင်လို
စုဆောင်းထားတဲ့ ရေတွေလဲရှိ
သူ့အဖို့ရာ ဘို့တစ်လုံးလဲပါရှိ
အဝေးမြင် လည်ပင်းရှည်ကြီးလဲရှိ
ပြီးတော့
ကမ္ဘာကျော် ကျေးစွပ်ပုံပြင်ကိုလဲ ပိုင်ဆိုင်တဲ့
စားပွဲခုံတစ်လုံးကိုလဲ ဝှက်ထားတယ်။
မြို့ဟာ
အဲဒါကြောင့်ပဲ
ကမ္ဘာပုသွားတဲ့ နေ့တစ်နေ့ကို
ကိုယ်စန်ဆောင်ထားရပြီဆိုတာ
မသိခဲ့ရှာဘူးပေါ့။

# အ တွ င်း သံ

ဟောဒီမှာ
ကြောက်ပါရစေတဲ့
ဘာမှမဖြစ်ရင်လဲ ဘာမှမဖြစ်ပါဘူးတဲ့
ဘဝမှာ
တစ်ခုတော့ ကြောက်ပါရစေတဲ့။
ဟောဒီမှာ
အမျိုးကောင်းသား စီးကရက်တွေ
ဆေးစစ်ဆေးမှန်တွေနဲ့ ဖြစ်မြောက်လာတာ
ရဲရဲရှိုက်ချလိုက်စမ်းပါ။
ဘယ်သူ့အဆုပ်က ကောင်းသတဲ့လဲ။
ဟောဒီမှာ
ရေပက်မဝင်အောင်မှန်တဲ့ သင်္ခါရ
ညှင်းသိုးသိုးနေ့ရက်တွေ
အသစ်တည်ဆောက်ပြီးသွားခဲ့ပါပြီတဲ့။
ဟောဒီမှာ
အက်စစ်ပြင်းပြင်းနဲ့



အဲဒီခန္ဓာကိုယ်တွေဟာလေ
ဘယ်လောက်ညွတ်နူးနေသလဲဆိုတော့
ကမ္ဘာမြေတစ်ခုလုံး
နေကြာပန်းခင်း ဖြစ်ပေးလိုက်မယ်တဲ့။
ဟောဒီမှာ
ရွှေဖြစ်ငွေဖြစ် အနစ်နာခံမှုတွေ
ဟောဒီမှာ
ကန်ထရိုက်တာနဲ့တူတဲ့ စိတ်တွေ
ဟောဒီမှာ
နေ့စဉ် ထဖင်းစစေားရရေး ကိရိယာတွေ

ဟောဒီမှာ
ကွဲအက်စူးရှစွာ မှတ်တင်လိုက်တဲ့
အသံ
ငွေဟာ သခက်ရှိဖြစ်တယ်
လူဟာ သခက်မဲ့ဖြစ်တယ် . . . တဲ့။

## အချစ်ကြောင်းပြောတဲ့ည

အချစ်ကြောင်းပြောတဲ့ညဟာ
ကောင်းကင်ဟိုတယ်မှာ
အချစ်ကြောင်းပြောတဲ့ ညဟာ
ဆူပါကတ် မော်တော်ဆိုင်ကယ်စီးလာတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
အကြေသားအကျီဝတ်လာတယ်။
ညဖြစ်လျှက်နဲ့
မျက်မှန်နက် တပ်လာတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
နှုတ်ခမ်းနီနီ ဆိုးလာတယ်။
စံပယ်တင်မှဲ့အတုလည်း တပ်လာတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
ကောင်လေးက သက္ကလတ်ဦးထုပ်ဆောင်းပြီး
ကောင်မလေးက



အချစ်ကြောင်းပြောတဲ့ညဟာ
မိုးကနေ ဆောင်းဟန်ဆောင်နေတယ်။
အချစ်ကြောင်းပြောတဲ့ညဟာ
တစ်ယောက်က ဘီယာမှာသောက်ပြီး
တစ်ယောက်က အချိုရည်စုပ်နေတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
တစ်ယောက်က မျက်လုံးလှန်လှန်ကြည့်တဲ့အခါ
တစ်ယောက်က နားရွက်ကို ရွက်ကုန်ဖွင့်တတ်တယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
တစ်ယောက်က လမင်းကို မျှိမျှိချပြီး
တစ်ယောက်က အလင်းပူပူကို သောက်သောက်နေတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
တစ်ယောက်က အရမ်းနှလုံးခုန်ချင်ပြီး
တစ်ယောက်က ခြေဖျားလက်ဖျားတွေ အေးစက်နေတယ်။

လက်တစ်ဖက်ကလည်း
ညာဘက်ရင်အုံကို ဖိဖိနေသေးတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
တစ်ယောက်က သွေးရင်ခုန်သံကို
အထိတ်တလန့်ကြည့်နေပြီး
တစ်ယောက်က

အချစ်ကြောင်းပြောတဲ့ညဟာ
ဗိုက်ဆာနေမှာစိုးလို့တဲ့
ကြက်ဥ၊ ခေါက်ဆွဲကြော် မှာစားတယ်။

တစ်ယောက်က
သူ့ရဲ့ လူကြိုက်များလှတဲ့ တစ်ဝက်အပြုံးကို
ပြုံးပြုံးနေတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
တစ်ယောက်က သက္ကလတ်ဦးထုပ်ကို ဆွဲ,ဆွဲချနေပြီး
ခေါင်းမော့,မော့နေတယ်။
တစ်ယောက်က ပြုတ်နေတဲ့ ရှပ်အင်္ကျီကြယ်သီးကိုတပ်နေတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
ကောင်လေးက စီးကရက်ကုန်သွားလို့
စိတ်ညစ်နေပြီး
ကောင်မလေးက နှုတ်ခမ်းနီပျက်သွားလို့
စိတ်အိုက်နေတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
တစ်ယောက်က ကျသင့်ငွေကိုရှင်းပြီး
ကောင်လေးက
ကော်လံပေါ်မှာ မရှိတဲ့ဖုန်ကိုခါနေတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ



တစ်ယောက်က
အဝေးပြေးကားနဲ့ပြန်ဖို့ စီစဉ်ထားတယ်။
ဒီလိုနဲ့
အချစ်ကြောင်းပြောတဲ့ညဟာ
ထွက်သွားတဲ့ မီးရထားကပြန်ကွေ့လာပြီး
စီးသွားတဲ့ အဝေးပြေးကားမှာ
ပြန်ရောက်လာတယ်။

ဒီလိုနဲ့
အချစ်ကြောင်းပြောတဲ့ညဟာ
ရေခဲမြစ်အကြောင်းကို မေ့
တီမ်ရိပ်ဂွမ်းစိုင်တွေကို မေ့
အတင်းပြောတတ်တဲ့ ကမ္ဘာမြေကြီးကိုမေ့ပစ်ပြီး
အချစ်ကြောင်းပြောတဲ့ ညဟာ
ဟိုတယ်မှာပဲ
ခြေပစ်လက်ပစ် အိပ်ပစ်လိုက်ပါတော့တယ်။

## ငါ့လျှာပေါ်က ဆာတေးရီးယန်းမြက်ခင်း

နောက်ထပ်မြက်ရိုင်းတွေ
ပိုမိုထူထပ်လာတာကလွဲရင်
ဘယ်လိုငါးလေးတစ်ကောင်တလေမှ
ငါ့လျှာပေါ် လာရောက်မပျော်မပါး။

နောက်ထပ်မြက်ရိုင်းတွေ
ပိုမိုထူထပ်လာတာကလွဲရင်
ဘယ်လိုချောင်းပေါက်စလေး
တစ်ချောင်းတလေမှ
လာရောက်မလူးမလွန့်
ငါ့လျှာပေါ်မှာ။

ဘယ်လို
သစ်ခုတ်သမား တစ်စုံတစ်ဦးတစ်ယောက်မှ
မပေါက်ရောက်တဲ့ သစ်တောကြီးလို



နေရောင်ခြည်တောင်မှ
အပ်တစ်ဖျားစာသာ ထွင်းဖောက်နိုင်ရှာပေရဲ့
ငါ့လျှာပေါ်မှာ။

အစီးကျန်ဆန်မှုကိုက ဥစ္စာထုပ်ကြီးဖြစ်လို့
အသက်ကို တစ်ဝက်စာပဲ ခပ်မျဉ်းမျဉ်းရှူ
ငါ့လျှာခများမှာ
အစာအိမ်ဟောင်းလောင်းကြီးနဲ့
ကောင်းကင်ကြီးကို မော့မော့ကြည့်ခဲ့ရတာ
ကြာပါပြီ . . . တဲ့။

နောက်ထပ်မြက်ရိုင်းတွေ
ပိုမိုထူထပ်လာတာကလွဲရင်
ဘယ်လိုဖျာရက်သမား တစ်ယောက်တလေမှ
မျက်စိမကျခဲ့လေခြင်း
ငါ့လျှာပေါ်မှာ။

ဘယ်လို ကိုယ်ချင်းစာမျက်လုံးတစ်စုံမှ
မကျရောက်ခဲ့လေခြင်း
ငါ့လျှာပေါ်မှာ
ဘယ်လို အကြင်နာစိတ်လေးတစ်စိတ်မှ
ငါ့လျှာပေါ် လာရောက် မဖိတ်မစင်လိုက်လေခြင်း
လူတွေဟာ ခက်ပါတယ်
အနုပညာနဲ့ အဘိဓမ္မာကို
အတီတ်မေ့ရောဂါရသူလို မေ့ကြ

လူမှာ
ဝမ်းစာတိုက်ပွဲနဲ့ ဂုဏ်ရည်တိုက်ပွဲ
ဒီနှစ်ပွဲရှိတယ်ဆိုတာ
မသိကြရှာဘူး
ပြီးတော့ မြက်ခင်းတစ်ခင်းမှာလည်း
ချည်ခြင်းတွေရှိတယ်ဆိုတာလည်း
မသိရက်ကြလေခြင်း
ဟောဒီ မြက်ခင်းကြီးကိုလေ
သစ်သီးဝလံပေါပေါပြည့်ပြည့် ယာခင်းတစ်ခင်းလို
မောင်းနှင်လိုက်ဖို့
ဒီ ချည်ခြင်းလိုအပ်ခဲ့ကြောင်း
မသိရက်ကြရှာလေခြင်း

ပြောပြလိုက်ပါပေရဲ့
ခုတော့ . . .
ဒီမြက်ခင်းကြီးဟာလေ
ဒီလန်တောမတ်(စ်)မြစ်ကို ထမ်းပြန်လာခဲ့ပြီကွယ်တို့။



## ဆေးစစ်ခံတဲ့ည

ည၊
နောက်ဘဝများစွာမှာ
ညမဖြစ်တော့တာ သေချာကြောင်း
သက်သေပြလိုက်တဲ့ ည
'ဒန်တီ'ရဲ့ မျက်ရည်တွေ
စင်းစင်းသေပေးလိုက်ရတဲ့ ည
ဦးနှောက်တစ်ခြမ်းက
တံခါးဆီပေးလိုက်ရတဲ့ ည
မျက်လုံးတစ်ဖက်က
အာရုံစိုက်မှုကို ရောင်းစားရပြီး
မျက်လုံးတစ်လုံးက
အရှုံးအတွက် ပုံပေးလိုက်ရတဲ့ ညလည်းဖြစ်ရဲ့။

ခန္ဓာကိုယ်တစ်ဝက်က
မြို့ကြီးထဲ ခုန်ပေါက်နေပြီး
တခြား ခန္ဓာကိုယ်တစ်ခုက

လူတွေ
ဒီလိုပဲ ဖြစ်ပျက်ကြမြဲပါ
တစ်စက္ကန့်
တစ်စက္ကန့်အတွင်းထဲမှာ ဒရောက်ရှိနေချိန်
တစ်စက္ကန့်က လွဲရင်ပေါ့
ကိုယ်လိုရာရောက်နေတဲ့ စက္ကန့်တွေများလှပေါ့။
စီးကရက်လေး တစ်လိပ်လောက်ကို
တစ်ညလုံး စောင့်စားခဲ့ရပါတယ်။

သံပြိုင်တေးတွေ ရေစီးအားကောင်းတဲ့ ညပေါ့
ဒီညကို ဖြတ်ရတော့
ဘဝဆိုတာ လွှမ်းဖို့အားကောင်းခဲ့တာပေါ့။

ကျွန်တော် ယောက်ယက်ခတ်ရ
ကိုယ့်နှလုံးသားကို မီးမြှိုက်ခဲ့ပါတယ် အမေ
ဘယ်သူဟာ
ကိုယ့်နှလုံးသားကိုယ် မီးမြှိုက်ခဲ့ပြီး
ဒီမီးကို လှုံရဲခဲ့ပါသလဲ
ကျွန်တော်ကတော့
ရဲရင့်ပေါ့ပါးစွာပေါ့ အမေ
ဒီညမှာမှ
ကျွန်တော်က ရေဒီယိုသတ္တိတွေကြွတဲ့ည ဖြစ်လို့ပေါ့။

လည်လှီးခံရ မြွေတစ်ကောင်လို
နာရီသံချောင်းခေါက်သံတွေ
အစွမ်းကုန် တွန့်လိမ်လို့



သေကောင်ပေါင်းလဲဘဝပါ အမေရယ်
တစ်စက်မှ
အရသာခံရက်စရာ မကောင်းပါဘူး
မစားနာတတ်ရင်လည်း သိကြပါစေ
သိရင်ပဲ
အမေ့သားက ပြီးပါပြီတဲ့။

မိမိကိုယ်မှ နံရိုးများ
တံတားအဖြစ် ခင်းကျင်း
လမ်းဖွဲ့စည်းခဲ့ပါတယ်
ဒီခရီးသာ နှစ်လိုခဲ့
ရလိုသောဘဝများ လမ်းဖယ်ပေးကြပါ။

## မျှော်လင့်ခြင်း ထမင်းသိုးများ

ညနေခင်းတွေဟာ
ဒီကမ္ဘာမြေပေါ်က မြို့ရွာတွေအပေါ်
ဘယ်လိုများ ကျရောက်ခဲ့ပါသလဲ၊

ဟောဒီလိုများ
တစ်နေရာရာမှာတော့
ကျရောက်ခဲ့မယ် ထင်တာပဲ။

ငါးရှဉ့်သွေးရောင် ကောင်းကင်လမ်းမှာ
ငန်းမွေးရောင် ဘောင်းဘီ
မြင်းချေးရောင် ဖိနပ်
တိမ်သားရောင်စုံ ရှပ်အင်္ကျီကောင်းဝတ်လို့
ညနေခင်းဟာ



အဲဒီမှာ
လေညင်းကလည်း
နှင်းဆီခင်းတွေထဲ လူးလိမ့်လာခဲ့လို့
နှင်းဆီနံ့တွေနဲ့
ကိုယ်လက်နှီးနှောခဲ့လို့မို့
ညနေခင်းဟာ မွှေးပြီးနေပါလိမ့်မယ်။

ဒါမှမဟုတ်ရင်လည်း
ဖန်ကလပ်ထဲမှာ
စိုင်ပုလင်းထဲမှာ
ညနေခင်းဟာ တစ်ကိုယ်လုံး ဆင်းစိမ်ပြီး
စည်းစိမ်ယစ်မူး ပျော်ပါးနေတာလည်း
ကမ္ဘာမြေ တစ်နေရာက
မြို့တစ်မြို့မှာ
ရှိဖြစ်တန်ကောင်းလေရဲ့။

ဒီမှာ
ဟောဒီမှာ
ရန်ကုန်အစွန် ငမိုးရိပ်ချောင်းစပ်နားက
ဆားပါ
လယ်ကွင်းတွေ ဝိုင်းရံထားလို့မို့
လယ်ကွင်းတွေနဲ့ ရန်ကုန်မှာပေါ့။

၇ပေ၊ ၁၀ပေ အခန်းတစ်ခုထဲမှာ
ညနေခင်းဟာ . . .
ဆာလောင်ခြင်း ဒီရေတက်ပြီး
ညနေခင်းဟာ . . .

ဒီအခန်းမှာ
ညနေခင်းမှာ
ဝမ်းစာသဘော်ာဟာလည်း
ဆိုက်ကပ်မလာခဲ့သေးပါဘူး၊

ဒီမှာတော့
ညနေခင်းဟာ
အထိအခိုက် အကျအရှုံးများစွာနဲ့
သူ့ဆင်းရဲသား ဖြစ်ခဲ့ရှာရဲ့။

ဒီညနေခင်း
အလင်းဝပ်အား ပိန်ပိန်မှာ
သူ့နို့ပိန်ကလေးကို လီဆယ်ပြီး
နို့တိုက်နေတဲ့ ကလေးအမေ
အသက်ငယ်ငယ် အရွယ်အိုအို
လူသားအရောင်အဝါ မှိန်မှိန်
တစ်လွှာပြီး တစ်လွှာပေါ်
ဒီမိန်းမသားရဲ့ မျက်နှာမှာ
မျှော်လင့်ခြင်း အရေပြားတွေ ကွာကျ။

ဒီလိုမျိုး
မျှော်လင့်ခြင်းကို
ညနေခင်းကို
စောင့်မျှော်ခြင်းကို
ဆာလောင်ခြင်းကို
ဘဝကို



စောင့်မျှော်ခြင်းနာရီတွေသာ
ခရီးထွက်သွားမယ်ဆိုရင်
ခုလောက်ဆို
နယူးယောက်မြို့ကို ရောက်လောက်ပြီလို့
ဒီလိုမျိုး တွေးမိလေသလား၊

သားသည်အမေ အဘွားအိုမလေး
လမ်းမမျှော် သူ့မျက်နှာကို
ခါယမ်းလိုက်ကာ
သူ့ကလေးတွေကို လှမ်းကြည့်မိရဲ့။

အခန်းထောင့် ဖျာကြမ်းစုတ်စုတ်မှာ
ဖျားနာနေတဲ့ ကလေး
စောင်မြုံလို့၊
တကယ်တော့
ကလေးရော စောင်ပါ ဖျားနာနေခဲ့ပါပြီ။

ထမင်းဆာလွန်းတဲ့ ကလေး
တအီအီနဲ့
ဒီတက်လို့၊

ဒီမှာ
သူ့လက်လာတိုးတဲ့ သွေးက
သူ့ကလေးတွေ သူ့ရင်ခွင်မှာ
သူ့မျက်စိအောက်မှာပေမယ့်
သူ့ကလေးတွေနဲ့ သူနဲ့

သူ့သက်ပြင်း မီးသဘော်ဟာ
မီးခိုးတအူအူနဲ့ ထွက်ခွာသွားတော့ရဲ့။

ဒီမှာ
သူ့အသက်ရှင်ခြင်းအပေါ်
ခပ်ပြင်းပြင်း ရိုက်ထားတဲ့
သံကျစ်ဆူးကိုနှုတ်ဖို့ လှုပ်လိုက်တော့
'အိမ်ကထွက်သွားတဲ့ အိမ်သားဟာ
အသိုက်က ထွက်သွားတဲ့ ငှက်ပေါ့လေ'တဲ့၊
ငှက်ခတ်သမားနဲ့တွေ့လို့များ
အသက်ပါသွားလေသလား၊
မျက်လုံးတစ်ဖက်တည်းနဲ့ပဲ
အိမ်ပြန်လာလေမလား၊
လက်ကျိုးပြီး ပြန်လာမလား၊
ခြေတစ်ဖက်တည်းနဲ့ပဲ အိမ်ပြန်လာမလား၊
သူ့နှလုံးသားကို
အဲဒီလို
သွားပွတ်သပ်မိရှာတယ်။

နောက်ဆုံး
အကောင်းဆုံး
ကလေးအမေ သူ့ဆင်းရဲသားရဲ့ မယား
ဒီလို တွေးရှာတယ်
အူဟောင်းလောင်းနဲ့ပေါ့
ဒီထက်ကောင်းတဲ့ ညစာမျိုး
စားရရိက္ခာတွေ
မပါလာရင်လဲ နေပါစေတော့
(မိဖွေးတိုင်း ဖမွေးတိုင်း)
ကောင်းမွန်ချောမောစွာ
အိမ်ပြန်လာရင်ပဲ တော်ပါပြီ . . . တဲ့။

အဲဒီလိုနဲ့
မျှော်လင့်ခြင်းဟာ
ဆေးမင်းအသိုးများသာ ဖြစ်ခဲ့ပါတယ်၊

ဒီ ဆေးမင်းအသိုးများပဲ
ချစ်ခြင်းပြင်းစွာ ဖြစ်မိပါသတဲ့
အဆွေခင်ပွန်းကောင်း ညနေရေ။

## မစဉ်းစားခြင်းသေတ္တာ

ကမ္ဘာမြေပေါ်မှာ
ကိုယ့်ကိုချစ်တဲ့လူဟာ
ဘောလုံးသင်းတစ်သင်းစာလောက်မှ ရှိရဲ့လား
မစဉ်းစားတော့ပါဘူး . . . တဲ့။

ဘယ်သူဟာ
ပန်းသီးတစ်လုံးကိုစားပြီး
နယူတန်လို တွေးခေါ်မိပါသလဲ
မစဉ်းစားတော့ပါဘူး . . . တဲ့။

သီချင်းတစ်ပုဒ်ကို နားထောင်ရင်း
ဘယ်သူဟာ
ကမ္ဘာသစ်စေမယ့် သီအိုရီရှာဖူးလို့လဲ
မစဉ်းစားတော့ပါဘူး . . . တဲ့။
တစ်ကိုယ်လုံး တစ်ဘဝလုံး စုတ်ယူ
ကိုယ့်ကိုမသေရုံ မွေးမြူထားတဲ့လူတွေ
ရှိနေပြီ



မည်သူမဆိုပေါ့
အရာအားလုံးကို မစွမ်းဆောင်နိုင်ဘူး
တစ်ခုခု လွဲချော်နေတဲ့အကြောင်း
ပြောပြချင်တယ်
မစဉ်းစားတော့ပါဘူး . . . တဲ့။

ကမ္ဘာပေါ်မှာ
ဘယ်အရာမဆို ညာလို့ရပေမယ့်
အစာအိမ်ကို ညာလို့မရတဲ့အကြောင်း
ပြောပြချင်တယ်
မစဉ်းစားတော့ပါဘူး . . . တဲ့။

လူတိုင်းလူတိုင်းရဲ့ ရင်ထဲမှာ
ပင်လယ်ရှိတယ်
လူတွေဟာ
ဒီပင်လယ်ကို ကျယ်ပြန့်အောင်
နက်ရှိုင်းလှပအောင်
မစီးဆင်းတတ်ကြဘူး
မစဉ်းစားတော့ပါဘူး . . . တဲ့။

မစဉ်းစားခြင်းသေတ္တာတစ်လုံးရှိခဲ့တယ်
ဘာကိုမှ မစဉ်းစားတော့ပါဘူးတဲ့
ဂျင်းဘောင်းဘီအိတ်ထဲကို လက်နှိုက်
မစဉ်းစားခြင်းသေတ္တာဟာ . . .
လေချွန်ပြီးနေလေရဲ့ . . . . ။

## ပင်မှည့်တေား

လူတစ်ယောက်ရဲ့ အမိပ္ပါယ်ကို
လာ လာ မစွက်ဖက်နဲ့
ကိုယ့်အမိပ္ပါယ်နဲ့ ကိုယ်နေ
ဆုံးရှုံးခဲ့တယ်ဆိုတာပဲ
သေချာပလေ့စေ။

လူတစ်ယောက်ယောက်ကို
လက်သီးနဲ့ ထိုးဖို့ဆိုတာက
ကိုယ့်မှာ မေးရိုးရှိရတယ် တဲ့၊
ငါ့လက်သီးတွေက
မင်းဆီသက်ရောက်ဖို့
ငါ့မှာ မေးရိုးရှိတယ်။

ခုတော့ မင်းမှာ မေးရိုးမရှိဘဲ
မင့် လက်သီးတွေ
ငါ့အပေါ် လာလာသက်ရောက်နေတာ
အမှန်တရားရေ



ဘစမှာ
လေး ငါး ခြောက်ခု မလိုပါဘူး
နှစ်ခုပဲ
ချစ်သူစစ်စစ်နဲ့ ရန်သူစစ်စစ်
ဒီ နှစ်ခုပဲ။

လူစိမ်းနဲ့တွေနဲ့ အသက်ရှင်နေရတဲ့
သူငယ်ချင်း မောင်စမ်းအေးရေ
မြို့တွေကို မာကြူရီမဆင်ရပါဘူး
ဘာကြောင့်လဲဆိုတော့
မြို့တွေကိုယ်တိုင်ကိုက
မာကြူရီနဲ့ လုပ်ထားလို့ပဲ။

ဟောဟို စားပွဲနံပါတ်တစ်မှာ
ကိုယ့်ဘစကိုယ် ကျကျနန စီရင်ချက်ချ
အခိုင်အမာထိုင်နေတဲ့
ငါ့ သူငယ်ချင်းအောင်ချိမ့်ဟာ
ထွန်းကားတဲ့ မြို့ကြီးတစ်မြို့ပေါ့၊

ပွန်ပီးလို
ချော်ရည်တွေအောက်ရောက်ခဲ့ရပေမယ့်လဲ
'ဖော်ဧး'ဆိုတဲ့ ကဗျာဆရာဟာ
ထွန်းကားတဲ့ မြို့ကြီးတစ်မြို့ပေါ့။

ဘယ်သူဟာ
ကမ္ဘာမြေတစ်ခုလုံးလုံး

ကမ္ဘာမြေတစ်ခုလုံး ဆုံးရှုံးသူသာ
ကမ္ဘာကို ပြန်ရပေလိမ့်။

ဘောလုံးသမား မာရာဒိုနာဟာ
ဂိုးတွေကို မျော်နဲ့သွင်းခဲ့တာပေါ့ကွာ။



## လေးသည်တော်ဝီလျှံတဲ(လ်)၏မြားချက်များ

လာပြီဟေ့
ငါ လာပြီဟေ့
ကမ္ဘာမြေကြီး
သီးစေ . . . ပွင့်စေ။

(၁)
အချစ်ရေ
မင်းကို လမင်းကြီးနဲ့ မလဲနိုင်ပါဘူးကွယ်
သဘာဝစေတာရားကလည်း
ကျောက်သားဖွဲ့စည်းလို့
သိပ်သည်းလှချည်ရဲ့။

လောကကြီးကလည်း
အရောအနှောတွေနဲ့ ကျောချလို့
အချစ်ရေ
မြစ်တွေကလည်း စီးလွန်းလှ

ပယောဂတွေကလည်း
လောကကြီးထက် ကြီးမားကျယ်ပြန့်လှ
လူသားအပေါင်းကလည်း
အပူအားကောင်းလှချည်ရဲ့။

အမှိုက်တွေကလည်း
အသိုက်ဖွဲ့နေထိုင်လို့
ကျောရိုးမဲ့သတ္တဝါတွေကလည်း
အသံခက်မာလွန်းလှရဲ့
သင်္ချိုင်းကလည်း
အသံထက်မြန်စွာဝဲလို့
ငွေကြေးကလည်း
သွေးကို အလေးခိုးလှချည်ရဲ့
မာတ်ကြီးလေးပါးကလည်း
သွေးသားသောင်းကျန်းလှချည်ရဲ့
တဏှာကလည်း
အညှာဖြစ်လို့
ရောဂါပိုးမွှားတွေကလည်း
ခွန်အားကြီးမားလှပါရဲ့။

ဘဝကလည်း
အရသာကြွယ်ဝလွန်းလှပါတယ်
မှုလုံတ်တုတ်လေးကလည်း
[illegible]



(၂)
အချစ်ရေ
ကမ္ဘာကြီးကို ဆည်းပူးကြစို့ရဲ့
လေးသည်တော် ဝီလျံတဲ(လ်)ရဲ့ မြားချက်များ
မလွဲခဲ့ပါ။

## မစ္စတာဒဗလျူကလက်ရဲ့ မှတ်တမ်းအရ

ဘဝဟာ
ခံဆေးဆိုးပန်းရိုက် ပိတ်သားစတစ်စတဲ့ . . .
မစ္စတာ ဒဗလျူကလက်ရဲ့ မှတ်တမ်းအရ။

လူတွေရဲ့ အထင်သေးမှုကို ခံယူပါ
(ဒါဟာ လူဖြစ်ကြောင်းသိအောင် ကြိုးစားခဲ့တာလို့
ပြောပြလို့ရသေး။)
အဲလို - ကိုယ့်အပေါ် အထင်သေးမှုတွေကိုပေးချေ
ပြီးရင်
ကိုယ်ရသင့်တာ ကိုယ်ပြန်ယူခဲ့နိုင်ကြဖို့ပဲ။
အချို့လူတွေ လူမုန်းခံရတာကိုက သူ့အတွက်
ကိုယ်ရသင့်တာ
ငွေတွေ သောက်သောက်လဲရစေခဲ့သတဲ့၊



မိတ်ဆွေတစ်ယောက်ရဲ့ အောင်မြင်မှုဟာ
အရက်တစ်လုံးတောင်မှ၊
မဖြစ်ခဲ့ဘူးဖူးတဲ့
မစ္စတာဒဗလျူကလက်ရဲ့ မှတ်တမ်းအရ။

ကိုယ့်အိမ်က တန်ဖိုးအရှိဆုံးပစ္စည်း
ဒီပစ္စည်းမှ ရွေးပြီး
အတီအကျ အမိအရခိုးသွားနိုင်သူ
ဒီသူခိုး
ဒင်းကို
အတီအကျ ကျေးဇူးဥပကာရ တင်ရှိရမယ်
သိကြ
ကိုယ့်ဂုဏ်သိက္ခာ မြင့်မားအောင်
မြှင့်တင်ပေးတယ်လို့ပေါ့၊
မစ္စတာဒဗလျူကလက်ရဲ့ မှတ်တမ်းအရ။

နှင်းဆီဖူးဟာ
သောက်လို့ကောင်းတယ်
လမင်းဟာ
ဆေးစပ်ကောင်းတယ်
နွားဟာ
ဆေးစပ်ပြင်းပြင်းနဲ့ သောက်လို့ကောင်းတယ်။

လမ်းမတွေဟာ
သင်ခန်းစာတွေဖြစ်တယ်
သင်ခန်းစာတွေဟာ
လမ်းမတွေဖြစ်တယ်

မစ္စတာဒဗလျူကလက်ဟာ
ချည်မျှင်နဲ့ အထည်ကို မှတ်တမ်းတင်ခဲ့တယ်ပေါ့။

ဘဝနဲ့ မျှော်လင့်ချက်ဟာ
မျှော်လင့်ချက်နဲ့ အသက်ရှင်မှုဟာ
လူတွေက လူမျက်နှာကို မကြည့်ခဲ့တာဟာ
ချည်မျှင်နဲ့ အထည်ကိစ္စဆိုတာ မသိခဲ့
ဒါကြောင့်ပဲ
မစ္စတာဒဗလျူကလက်နဲ့
မစ္စတာဒဗလျူကလက်ရဲ့ မှတ်တမ်းကို
မှတ်တမ်းတင်လိုက်မိပါရဲ့။

## ကြွယ်ပြာလေးနဲ့ ထမင်းစားပြီးတဲ့နောက်

မိုး ခပ်စေးစေး
မိုးကောင်စဝင်စ အသံလေးမှာ
ပြန်စရာအိမ် မရှိရှာဘူး အမေရယ်
ကမ္ဘာမြေကြီးပေါ်မှာ
အကုသိုလ်ပန်းတွေဝေပုံကလည်း
အဖူးပေါ် အညွန့်တက်လို့
တပ်မက်စရာပါလား အမေ
သံသရာလေးစားချင်းတွေက စီစီ
ပုရစ်ကလေးလို သားကမြည်လို့ပေါ့.
တစ်ခါတစ်ရံတော့ အမေရယ်
သားဘဝဟာ

သားလေ
သူ့ကိုယ်ပိုင်အသီးတွေ
ညွတ်အိလေးလံနေအောင် ထမ်းပိုးထားရပေမယ့်
ပျော်ရှာတဲ့
ကုန်ထမ်းသမား သလဲပင်ကလေးကို
အားကျမိတယ်။

အမေရယ်
လေတွေထန်နေလေလေ
သားမှာ ကြေကွဲရလေလေပါပဲ
မိုးဦးအကျစောမယ်ဆိုတာလည်း
တကယ်တော့
လောကခံတရားပါလား
အိပ်စရာမရှိတဲ့ ညတွေမှာ
မိုးတွေသိပ်ရွာတာပဲ အမေရယ်။

အမှောင်နဲ့ စိုစွတ်
မိုးရေတွေ ရွှဲရွှဲနစ်လို့
အသံတွေတောင် ငုတ်နေခဲ့ပါပြီ အမေ။

ဆုံးရှုံးမှုသစ်ရွက်တွေ မရှုမလှနဲ့
ကံဆိုးမိုးမှောင် တောင်ကုန်းပေါ်မှာ
သားဘဝရဲ့ အပိုင်းအစတွေတဲ့လား
သားငြင်းဆန်တယ် အမေ
အမေ မသိဘူးလား
အမေ့သားက ကဗျာဆရာလေ



တကယ်တော့လည်း အမေရယ်
ကဗျာဆရာဆိုတာ
ဒဏ်ခံကြိုးလေးတစ်ချောင်းပါဗျာ၊

အမေရယ်
ဟောဒီ ကမ္ဘာလောကကြီးမှာ
အမေ့သား ကဗျာဆရာဖြစ်လာတာ
အပြစ်ရှိပါသလား အမေ
သားရဲ့ အချစ်မှာလေ
ဟောဒီ ကမ္ဘာကြီးနစ်ခဲ့ရင်တောင်
စစ်ဖြစ်ဖို့ မသေချာတော့ပါဘူး အမေရယ်။

ခုတော့
ခြားသူတွေ မမြင်မိတဲ့ အသံကလေးကို
ခေါင်းအုံးအိပ်မိလို့
အကြွင်နာအမဲ့ဆုံး ဆုလဒ်ကို သားရခဲ့ပါတယ်။

အမေမသိဘူးလား
လူတွေရဲ့ အပြုံးမှာ
ကုန်စျေးနှုန်းတွေပါတယ် အမေရဲ့။
ညှော်ခန်းနဲ့ အကျီကောင်းမှ
ဆက်ဆံတတ်တဲ့လူတွေရဲ့ သဘောထားကို
သား စူးစူးခါးခါး မုန်းတယ်အမေ။

အမေရယ်
တခြားသူတွေအတွက်တော့
အရာရာဟာ

သားမှာတော့
ယူဇနာသန်းပေါင်းများစွာ ဝေးကွာလို့
သားလေ
ရေရောထားတဲ့ ညရယ်လို့ မရခဲ့ဖူးဘူး။

သားရဲ့ 'ဘီး'ကလေးဟာလေ
ဘယ်လောက်တောင် ပါးလှပ်နေသလဲဆိုတော့
ဆံခြည်မျှင်လေးတစ်မျှင် နင်းမိရင်တောင်
ဘီးက ထပေါက်သွားနိုင်ပါတယ် အမေ။

အလျှံညီးညီး မီးတောက်မီးလျှံကြီးထဲ
နေ့စဉ် ခုန်ခုန်ချနေရတဲ့ ဘဝခရီး
အခမဲ့ညတွေ သိပ်ပြီး သိပ်သည်းလွန်းလှ
အမေရယ်
လွတ်လွတ်ကျွတ်ကျွတ်ကြီး ကန်သွင်းခံရ
ကျနေ၁် ဘယ်လောက်မှားယွင်းမိလို့လဲ အမေ
အဆုတ်က ကြပ်ခိုးစွဲမီးဖိုချောင်
ချောင်းဆိုးလိုက်တိုင်း ချောင်းဆိုးလိုက်တိုင်း
ရင်ခေါင်းကြီးထဲ မီးထ,ထတောက်တာမြင်ရ
အမေရယ်
အတွင်းလူမမာ တစ်ယောက်ပါ

ဒါပေမယ့်
သစ်သီးဘတ်စ်ကားအိုအိုကြီး ခိုစီးလို့
ကဗျာဆရာ မာယာကော့စကီးဆိုတဲ့ လူလည်းပါတယ်လေ
လူနဲ့သူနဲ့ မတူတဲ့လူလို့
လူတွေသူတွေ ပြောခံရတဲ့ သားမိတ်ဆွေပေါ့



ဘယ်တော့များမှ သမ္မာဒေဝတွေလက်ထဲ ရောက်မှာတဲ့လဲ
တစ်ယောက်ကို တစ်ယောက် မေးရင်းပေါ့
မျက်စေ့တစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ
သောမဂြိုဟ်တွေ ချောင်းကောဖြစ်သွား
ဘဝကို ဖြစ်ညှစ်ကြည့်လိုက်တော့
လိမ္မော်သီးကလေးမှာ
အချိုရည် ကျန်သေးတယ်
အို . . .
အသည်းနှလုံးထဲမှာ
ပန်းတွေ အရမ်းပွင့်တာပဲ အမေရယ်

ကုတ်အင်္ကျီဝတ်ချင်တဲ့ ဆောင်းရာသီရယ်
မီးလျှံကင်းမဲ့တဲ့ မီးလင်းဖိုကြီးရယ်
နှင်းစက်တွေကို
အသေခံသောက်ချင်တဲ့ မြက်ပင်ကလေးရယ်
လမင်းကို
ပြည့်ပြည့်ဝဝ တိုက်ရိုက်မမြင်ချင်တဲ့ အပြုံးရယ်
အနေအထိုင်မတတ်တဲ့ ရေပန်းတိုင်ကလေးရယ်
မိုက်တွင်းနက်နက် ကဗျာပေါ်အချစ်ရယ်
မကြာခဏ
လူလိမ်ခံရတဲ့
ရင်ထဲက ကြယ်ပြာလေးရယ်
နက္ခတ်မိမိ ပျော်ချင်ရှာတဲ့
အပျော်လေးရယ်
သားလက်ဖဝါးထဲမှာ ကျစ်ကျစ်ပါအောင်ဆုပ်ထားလို့
တဆတ်ဆတ်တုန်နေတဲ့ သားဘဝလေးရယ်

ထမင်းစစ်စစ် စားချင်တယ် အမေရယ်
အိမ်နံ့မွှေးတဲ့ အိပ်ရာစစ်စစ်မှာ အိပ်ချင်တယ်
ခြေထောက်တွေကို မီးဖိုအငွေ့ပေးချင်တယ်
ဗမာ ပရဆေးသုနံ့သနံ့ သောက်ချင်တယ်
ပြီးတော့ ဟော်ဒီလို
အမေ့မျက်လုံးအရောင်ကို မွတ်သိပ်ပါတယ်
တောပေလေလွင့်ပြီး ပြန်လာတဲ့သားကို
ကရုဏာသက်မြဲသက်တဲ့ အမေ့အကြည့်လေ

အမေရယ်
အမေ့ဆိပ်ကမ်း မကပ်တာ ကြာပြီဖြစ်တဲ့
သားသင်္ဘောလေ အမေရဲ့။
ကျနော် ရှိုးသားခဲ့ပါတယ် အမေ
ဤသို့ပင် ပဲ့တင်ပါလိမ့်မယ်။

## မောင်ချောနွယ်အတု

မောင်ချောနွယ်အတုက ပြောတယ်
သန်းလေးဆယ်အတွက် ထွန်ယက်ခဲ့ပါတယ်တဲ့
ကိုယ့်အတွက်မှ ကိုယ် မသေချာတဲ့
မောင်ချောနွယ်အတုကလေ . . .
သူတစ်ပါး ချမ်းသာရေးအတွက် ပါဝင်ခဲ့ပါတယ်တဲ့
မောင်ချောနွယ်အတုကလေ
သစ်တာန်တွက်နည်းဟာ
သစ်ကုန်သည်အတွက် ဝမ်းမီးစာပေဆိုတာ
မသိခဲ့ရှာသူ မောင်ချောနွယ်အတုကလေ . . .
မျက်လှည့်ဆရာရဲ့ 'ဘင်'ကိုမှ ဝယ်မယ်တဲ့ . . .
မောင်ချောနွယ်အတုကလေ
တစ်ဖက်သားကို ဒုက္ခပေးပုံပေါ့
ကမ္ဘာမှာ ဒီဘင်ကလေးနဲ့မှ လူစရှာတာတဲ့

မောင်ချောနွယ်အတုက ပြောတယ်
အလမ္မာယ်ဆရာရဲ့ မြွေကိုဝယ်မယ်တဲ့
ဒီမြွေလေး ပြဲ့ပြပြီးစားရတဲ့ တစ်ဖက်သားကိုမှလေ။

မောင်ချောနွယ်အတုက ပြောတယ်
သူများတိုက်တဲ့ ရေခဲစိမ်ဘီယာကို
သူ့ခွက်ထဲ အရင်ထည့်ပေး
သူ့ကို အလျှင်သောက်စေခြင်းနဲ့ မြှောက်စားရမယ်တဲ့ . . .။

မောင်ချောနွယ်အတုက ပြောတယ်
ငါတို့ဟာ
အေသင်မြို့သားတစ်ဦးလို တွေးခေါ်ရမယ်
ဆိုကရေးတီးမဟုတ်ခဲ့တာ သေချာဖို့လိုတယ်တဲ့ . . .။

မောင်ချောနွယ်အတုက ပြောတယ်
မက်ဒေါနားလည်း ဒုလ္လဘတစ်ခုနဲ့ပဲ
ဂေါ်ဘာချော့လည်း ဒုလ္လဘတစ်ခုနဲ့ပဲ
လန်ဒန် ဒေါင်းနင်းသားလည်း
ဒုလ္လဘတစ်ခုနဲ့ပဲ။
တောမရွာသားလည်း
ဒုလ္လဘတစ်ခုနဲ့ပဲ
လူ့ဘဝလောက် မှားယွင်းခွင့်ရှိတာ . .
ဘယ်ရှိမလဲတဲ့ . . .။

လူညံ့ရွေးရမယ့်နေရာမှာ တော်ရမယ်လို့
မောင်ချောနွယ်အတုက ပြောတယ် . . .။



မောင်ချောနွယ်အစစ်ဟာ
သူ့ချစ်ဇနီးသည်
ညီမလေး မမမြင့်မှာ
(တကယ်တော့ ညီမလေးပါပဲ
ဒါပေမယ့် သူ့ကို ကဗျာဆရာဖြစ်စေခဲ့သမို့
ညီမလေး မမမြင့်လို့
သူက ခေါ်ရည်မြင့်ခေါ်ခဲ့တာပါ)
နှုတ်ခဲ့ရတဲ့ သွားတစ်ချောင်း
ပြန်စိုက်ပေးရဦးမယ်လို့
နေ့စဉ် နေ့စဉ် ထိသိနေရသူ
သတိတရ အားစိုက်နေရသူ
အချစ်ကို သွားတစ်ချောင်းပေပုံနေရသူမျှသာ
ဖြစ်လေရဲ့ . . .။

တကယ်တော့
မောင်ချောနွယ်အတုဟာ လူဖြစ်ပြီး
မောင်ချောနွယ်အစစ်ဟာ
လူ မဟုတ်ဘူးလို့ မပြောလိုက်ကြပါနဲ့။

## နှလုံးသားထဲကို ရေမသွန်ပါနဲ့

(၁)

အကွက်ကျကျ၊ အရက်မူးခဲ့သူပါလို့
မကြာခဏ၊ ပြောတတ်တာကို လက်ခံကြ
သူလဲတို့လို
လေကိုဆန်၊ ပျံတတ်ခဲ့ကြတာပဲလေ
အတောင်ပံမရှိတာတစ်ခုပဲ
နှလုံးသားထဲကို ရေမသွန်ပါနဲ့

ဒီညတွေဟာ၊ သူခိုးညတွေလား
တန်ဆောင်မုန်းလပြည့်ည အိမ်ထဲ·
သူခိုးတွေ ဆင်းချလာတတ်သလား
သူခိုးတွေလည်း မယ်ဇလီဖူးသုပ်လို
ဆေးဖက်ဝင်မှာပါ
နက္ခတ်တာရာ စုံနေတာပဲဟာ



ဘစမှာ
တပည့်တပန်းဆိုလဲ လောကစံတရားပဲရှိသေးတယ်
အင်ဂျင်ကိုင်တဲ့အခါ သတိထားဖို့က
သံတုံးသံခဲတွေမှာ သွေးသားမရှိတော့
ဟက်တက်ကြီးမွင့်သွား
ကိစ္စမရှိဘူးလို့ မပြောနဲ့လေ
နှလုံးသားထဲကို ရေမသွန်ပါနဲ့
အဏ္ဏဝါကို အလုပ်အကြွေးသူပြုပါ
မင်းသားကြီး အောင်မောင်းဟာ ခေတ်ပေါ်မဟုတ်တော့ဘူး
ခင်မျှားအိမ်ကို ကျုပ်တို့လုံးဝမသောက်ခဲ့ဘူးလေ
မကုန်ရင်ထားခဲ့ပါ
ခင်မျှားစီညာဉ်ခွက်ကို၊ မကုန်ရင်ထားခဲ့ပါ
ညကိုတော့ ကုန်အောင် ဝဝလင်လင်စားပစ်လိုက်ပါ
နှလုံးသားထဲကို ရေမသွန်ပါနဲ့။

( ၂ )

လူကောင်းရော လူရူးပါ နားမလည်ဘူး
ဒါပေမယ့် ဒါ သူကြိုတင်စဉ်းစားထွန်ယက်ခဲ့တာပေါ့
ဒါတော့ သေချာတယ်
ဒီ ကြေငွာကြီးထဲမှာ
သူ စင်ရောက်စာပြရတဲ့ အခန်းက
အရည်အငွေ့ စီးဆင်းဖိတ်လျှံပြီး
အားပါးတရ ယုယပိုက်ထွေးခြင်းတွေပါပဲ
အတူကဖို့ သူခေါ်တဲ့အခါ
ပက်ပ်စီအတွေ့အထူးကလေးနဲ့ သူမွေ့နေတာ
တွေ့ရမှာပဲ။

## နတ်တို့ခိုးဝှက်ခြင်းခံရတဲ့ကဗျာ

လည်ချောင်းထဲမှာ ဟင်းနံ့တွေရနေတယ်
ဟင်းနံ့တွေရနေတဲ့ လည်ချောင်းကြီး
ခမျာမှာ ဟင်းကောင်းကြွေးကောင်းနဲ့
မပေါင်းရရှာသူပါကွာ
ဟင်းနံ့တွေသာ ရ,ရနေတဲ့ လည်ချောင်းကြီးထဲ
ကမ္ဘာကြီးတစ်ခုလုံး
လုံးတိုက်ကြီးပြုတ်ကျလာ
နေပါဦး
နေပါဦး
အဲဒီ . . . အသစ်ကလေးကိုလေ
မီးမညှိလိုက်ပါနဲ့ဦးကွယ်၊
စိတ်ကိုချဲ့ထွင်ထား
စားပွဲခုံတွေကို မျက်နှာသစ်ပေးလိုက်
အနုပညာမရခင်
လူလည်လုပ်နည်း အရင်ရနေတဲ့ကောင်စားတွေ



စီးကရက်တစ်လိပ်တောင်မှ
တစ်ဖက်သားအပေါ် တိုက်လိုက်ဖို့
သဒ္ဓါမကျတဲ့ကောင်တွေလေ
လက်ဖက်ရည်တစ်ခွက်သာ တိုက်ခိုင်းကြည့်ပါလား
ဒင်း . . . စင်းစင်းတောင် သေသွားဦးမယ်။
ဝယ်ထားလိုက်
ဝယ်ထားလိုက်
အဲဒီ ဆားငန်ရည်တွေဟာလေ
ဝယ်ထားသိမ်းဆည်းရမယ့် အရာပါကွယ်
အဲဒီ
အသစ်ကလေးကိုလေ
မီးမညှိလိုက်ပါနဲ့ဦးကွယ်
ကဗျာအပေါ်မှာလေ
ငါက သားဖွားခန်းရောက်မိန်းမ
လင်ကို စိတ်နာသလိုမျိုး နာရဲ့။
ဒါပေမယ့်
အချိန်တန်တော့
ထန်းပင်ကို ပြန်မော့ကြည့်မြဲ ကြည့်တဲ့
အရက်မူးသမားလိုလေ။
မီးဖိုပေးကြပါ
မီးပုံကြီး ငါ့ကိုပေးကြပါ
အလျှံညီးညီး မီးတောက်မီးလျှံ
မီးပုံကြီး
အဲဒီမီးပုံကြီး ငါ့ကိုပေးကြပါ
ဒီ မီးပုံကြီးထဲ
ငါ ခုန်ဆင်းလိုက်ပါရစေ

ယုန်မင်းဇာတ်မှာတော့
အဲဒီလို မီးဖိုကြီးထဲ
ယုန်ကလေး . . .
ခုန်ဆင်းလိုက်တဲ့အခါ
အဲဒီ အလျှံညီးညီး မီးပုံကြီးဟာ
ပဒုမ္မာကြာပွင့်ကြီး ဖြစ်သွားသတဲ့။
ဒီမှာဖြင့် . . . ဇာတ်က နှလိုက်လေခြင်း
လာစမ်းပါဦးကွယ်
ငါ့နှလုံးသား ဘားအိမ်ကို
ဘယ်သူက လာလာပြီး
ကရိုင်း ကရိုင်းနေတာတဲ့တုန်း
ဘာလဲ
ငါက
ငါ့ကလေးလေးတွေကို
မြက်ခင်းကောင်းကောင်း ပို့လိုက်ရမတဲ့လား
ထုထည့်လိုက်စမ်းပါ
ခြောက်ပေါင်တူကြီး တစ်လက်နဲ့
ငါ့အသည်းနှလုံးကိုလေ
ကျကျနန ပေပေါ်တင်ပြီး
ထုထည့်လိုက်စမ်းပါ
အဲဒီ ခြောက်ပေါင်တူ တစ်လက်ဟာ
ငါ့ရဲ့ မနက်စာတစ်နပ်ပါပဲကွယ်။
ဘာလဲ . . .
ဘဝဟာ ဆာဗားနားမြက်ခင်းတစ်ခင်းတဲ့လား
ဘာလဲ . . .
ဘဝဟာ ပလပ်ခြောက်လုံးခုတ်
အင်ဂျင်တစ်လုံးတဲ့လား



ဘဝဟာ ထောပတ်သုတ်ထားတဲ့
ပေါင်မုန့်တစ်ချပ်တဲ့လား
မဟုတ်ခဲ့ပါဘူး
မဟုတ်ခဲ့ရပါဘူးကွယ်
ကဗျာဆရာဖြစ်အောင်ရယ်လို့
မဟုတ်ခဲ့ရပါဘူးကွယ်
မနေနိုင်လွန်းတဲ့
မွေးရာပါ ငါ့ခန္ဓာကိုယ်က
အကြောပို ကိရိယာကြီးကြောင့်သာပါ
ဒါကြီး ခုတ် ခုတ် ချပစ်လိုက်တာပါ
ဒါကြီး လှီး လှီး ကုတ်ဖဲ့ပစ်လိုက်တာပါ
မလုပ်လိုက်ပါနဲ့
အဲဒီ အသစ်ကလေးကိုလေ
မီး မညှိလိုက်ပါနဲ့ဦးကွယ်
နေပါဦး
ဘယ်လိုဘဝတွေ
မီးခိုးတအူအူ ထွက်နေလို့
ငါ့ မြစ်နဒီလေး
ရပ် ရပ်သွားရတာတဲ့တုန်း။
နေပါဦး
ဘယ်လိုတံခါးတွေ
တဂျိမ်းဂျိမ်း ဆောင့်ဆောင့်ပိတ်နေလို့
ငါ့ ချစ်ခြင်းမေတ္တာလေး
ချောင်းကော ဖြစ်ရတာတဲ့တုန်း။

နေပါဦး
ဘယ်လို ဗလကောင်းကောင်းသောမဂြိုဟ်တွေက
ဝိတ်တွေ တအုန်းအုန်းမ,မနေကြလို့
ငါ့ ထမင်းအိုးလေးခမျာ
မပွက်တပွက် ဖြစ်နေရတာတဲ့တုန်း။
နေပါဦး
ဘယ်လို ပသာဒတွေက
ဗွက်ပေါက်အောင် ပသာဒနေကြလို့
ငါ့သစ်ပင်လေး
ဝမ်းမြောက်ဝမ်းသာမရှိ ဖြစ်နေရတာတဲ့တုန်း။
ဝယ်ထားလိုက်
ဝယ်ထားလိုက်
အဲဒီ ဆားငန်ရည်တွေဟာလေ
ဝယ်ထား သိမ်းဆည်းရမယ့် အရာတွေပါကွယ်။

ကလေးချီထားတဲ့ ည
အဆာလောင်နေတဲ့ ည
ညပိတ်သားပေါ်က ည
တစစ်စစ်ခံနေရတဲ့ ည
အနုပညာ ကိုယ်လေးလှက်ဝန်နဲ့ ညပါကွယ်။
ခမျာမှာ
လွှစင်လွှသွားပေါ် ရောက်ခဲ့ရပါပြီ
တစ်စစီ လွှစာမှုန့်တွေအဖြစ်နဲ့
ပြန်ထွက်လာရ
သူဟာ . . .
ပထမတန်းစား ကဗျာဆရာတစ်ယောက်ပါပဲကွယ်။



ကမ္ဘာဦးမှာ
ပလာစူးဓါးတွေ ရှိခဲ့သတဲ့လား
နေပါဦး
ရှိခဲ့ရင်တောင် အမည်မဲ့နေမှာပါကွယ်။
လူ့အဖြစ်ဆိုတာကို
သေသေချာချာ ညှစ်ချကြည့်လိုက်တော့
ပုရစ်ကလေးကမှ
မျက်စေ့ကလေးပြူးကြောင်ပြလိုက်နိုင်သေးရဲ့
လူ့အဖြစ်မှာဖြင့်
နွားနို့ကိုးလီ ရေကိုးလီနဲ့
နွားနို့ မဟုတ်တော့သလိုလေ
ပုရစ်ကလေးလောက်တောင်မှ
ခွန်အားမရှိခဲ့ပါလားကွယ်။

အဲဒီ . . .
မျက်နှာပေါက်ဆိုးဆိုးပလပ်ကို
ဖြုတ်လိုက်ပါတော့။
ကြယ်ကလေးရေ
ကိုယ့်အသံကိုယ်မကြည်နူးနိုင်ဘူးကွယ်
ငါ့ရင်ခေါင်းက
အသံလုံးကြီးကြီး အစိုင်အခဲကြီးပေမယ့်
နလွှန်းလို့ ဂွမ်းနဲ့ကိုင်ရတော့မလိုလို
နလွှန်းလို့ မျှိုချပစ်လိုက်မိတာပါ
မျှိုချလိုက်မှပဲ တစ်ဘဝဆိုတာနဲ့
မစနိုင်အောင်ဘဲကိုး

ကြယ်ကလေးရေ . . .
စိမ့်နေအောင်
တစ်ကိုယ်လုံး ဆင်းစိမ်လိုက်ဖို့ကလည်း
မာရေကျောရေ ကျောက်သားပြင်ကြီးဖြစ်လို့
ငါ့ကိုယ်ငါ ပြန်ပြန်မြင်နေရတာကလဲ
မိုးပေါက်ကလေး တစ်ပေါက်သဏ္ဍာန်ပါလားကွယ်
ဒါတောင်
အတောင်ပံတစ်စုံလောက်
ငတ်မွတ်ဆာလောင်နေရှာတဲ့
ပိုးတုံးလုံး မိုးပေါက်ကလေးပါ
မင်း ရင်ခေါင်းထဲက
စိမ့်ကျ ကရုဏာရေကန်လေးထဲ
စိမ်လိုက်ပါရစေလားကွယ်။

မီးမှိတ်လိုက်
မီးမှိတ်လိုက်
မီးမှိတ်ချလိုက်စမ်းပါ
ဟောဒီမှာ စိတ်ပျားအုံ
စိတ်ပျားအုံကြီး တစ်အုံပေါ့
ပွဲတော်ထဲ
ဆေးရေးအလှတွေ ခြယ်သပြီး
တရစပ်လည်ပတ်နေတဲ့ ရဟတ်ကြီးလိုလေ
အော်သံ ပျော်သံ အသည်းအေးသံ
မီး တထိန်ထိန်နဲ့ပေါ့
ချစ်သူလိုလို အရိပ်တစ်ခုပါလားကွယ်



အတွေးအမြင် ဝိုင်ယာကြိုးတစ်လျှောက်
အာရုံမီးသီးတွေ
လင်းထိန်လာလိမ့်မယ်
သောက်ချပစ်လိုက်စမ်းပါတော့ကွယ်။
အဲဒီ . . .
မျက်နှာပေါက်ဆိုးဆိုး ပလပ်ကို
ဖြုတ်ချပစ်လိုက်ပါတော့၊
တစ်သားမွေး တစ်သွေးလှစ
ကလေးအမေလို ညနေခင်းထဲ
အရိုးပေါ်အရေတင် နေ့ရက်တွေရောက်လာ
မီးကျိုးခဲရဲရဲပေါ် တွန့်လိမ်
ရင်ကိုခွဲပြပေမယ့်
ဘာမဆို လွှဲခဲ့ရတဲ့သူပါတဲ့ကွယ်
သူငယ်ချင်း လီကီရေ
မိုးကြီး မသည်းမထန်ခင်
လေနီကြမ်းတွေ မဖမ်းမစားခင်
အဲဒီ . . .
အမိုးအကာအောက်
အချိန်မီရောက်စေချင်ရဲ့
မီးမညှိလိုက်ပါနဲ့ဦးကွယ်။

သူငယ်ချင်း လီကီရေ
မင်း အဲဒီစာရွက် ငါ့ကိုပေးပြီး
ငါ့အသည်းပေါ်မှာသာ
ရေးချလိုက်စမ်းပါကွယ်။

ဒီမှာ . . .
ဘယ်သူဟာ
ဘဝတစ်ခုလုံး အနုပညာပေါ်
ပုံအောခဲ့ပါသလဲ
ဘယ်သူဟာ
တဒီးဒီးမောင်းနေတဲ့ လမ်းကြိတ်စက်ကြီးအောက်
ခေါင်းထိုးဝင်ပေးပြီး
ကဗျာရေးခဲ့သလဲ
ကိုလမ်ဘတ်စ်
ဆိုကရေးတီး
ဒီလန်တောမတ်စ်
မင်း . . .
အမှတ်ရနေဦးမှာပါကွာ။
သြဇာသီး ကားနင်းပြီး
ရေပုက်ထားသလိုလေ
ပျော်ပြဲ ပြဲပြဲလံလို့
ပြဲပြဲလံနေတဲ့ ဒီအသံကလေးကိုလေ
မင်း ခါးကြားက
သဒ္ဓါတရား ဓားမြှောင်နဲ့
ဆောင့်ထိုးစိုက်ချလိုက်စမ်းပါ
ကီတ်ခြောက်ကလေး တစ်ချပ်လောက်တော့
လူဖြစ်ခဲ့တာ သေချာအောင်
ဝါးလိုက်ချင်ပါသေးတယ်ကွယ်။
သူ့ဘဝတိုင်ကီက မကောင်းဘူး
အရမ်း အငွေ့ပျံလွယ်တယ်
အဲဒီ အသစ်ကလေးကိုလေ
ဆားငန်ရေနဲ့ ရောပြီး



မြစ်ရေကြီးသလိုစီးတဲ့ မြောက်ပြန်လေထဲ
မောနင်းပက် မသောက်ရသေးတဲ့
ကတုန်ကရင် အရက်မူးသမားလိုလေ

ငါ့အသက် လေးဆယ်ပြည့်မွေးနေ့ဟာ
ငွေစကြေးစကလေး နည်းနည်းတောင်းဖို့
ငါ့ဆီ ရောက်လာခဲ့
ဦးဦးဖျားဖျားပေါက်တဲ့ မြက်တောင်မှ
ခူးခပ်ကျွေးစရာ မရှိတဲ့ကောင်ပါကွာ။

မြစ်ရေကြီးသလို စီးလှတဲ့ မြောက်ပြန်လေထဲ
ငါ့သက်လေးဆယ်ပြည့်မွေးနေ့ဟာ
ငါ့ အသည်းနှလုံးကို
သူ့ရင်ဘတ်ကြီးထဲက ဆွဲထုတ်
ငါ့ လက်ကမ်းပေးပြီး
ပြောလိုက်တာကကွယ်
သက်လေးဆယ် ပန်းချီဆေးရေး
ငါ ဟိုအဝေးကြီးက လာခဲ့တာပါ
နာနာကြည်းကြည်း မီးတွေဖို
ငါ့ဘဝငါ အဖန်တလဲလဲ ပြန်ပြန်မျိုချ
ငါဟာ လမ်းမကြီးတစ်ခုဖြစ်ပြီး
သင်တို့အားလုံးဟာ
လမ်းလျှောက်သူတွေမျှသာ
ဖြစ်တယ် . . . တဲ့။

အိုကွယ်
စကားလာပြောမနေပါနဲ့တော့
ဘဝကို ပွဲတော်လိုတွေးခေါ်
ငါဟာ
အနုပညာမော့်ဆရာရယ်လို့
သေခြင်းတရားကို ညို့ငင်ထား
စိတ်ကိုကျောင်းထားခဲ့တာ
နှစ်ပေါင်းလေးဆယ်တောင် ကြာခဲ့ပါပေါ့။



## အိမ်ငေးသူ

ငါ့ အိမ်ကိုငေးခဲ့
ကွာဝေးလွန်းလှချည့်။

ညာဖက်မှာ မန္တလေးတောင်ရယ်
ငိုက်လို့သူငေး
ဘယ်ဖက်မှာ ရန်ကင်းတောင်ရယ်
ငိုက်လို့သူငေး
အလယ်မှာ
အိမ်ငေးသူ ငါ
မွန်းတည့်နေ တည့်တည့်ကြီးအောက်မှာ
ဘယ်လိုမှ အရိပ်ခိုဖို့တိမ်းစောင်းစရာရယ်မရှိ
နေထဲမှာ
ငါဟာ ငါအိမ်ကိုငေးခဲ့

မှန်းတည့်နေကလဲ
မိဘက သားသမီးကို လိုက်စောင့်ရှောက်သလို
ငါ့ကို လိုက်စောင့်ရှောက်ခဲ့
ငါဟာ အိမ်ငေးသူပါ။
ဟိုးအဝေး
မြေလတ်မြို့ကလေးဆီက
ယိုင်နဲ့နဲ့အိမ်ကလေးထဲ
အိမ်ငေးသူ ငါ ဝင်ရောက်သွား
ငါ့ဇနီး ငါ့အပေါ် အပြစ်ဖို့သံ ငါကြားမြင်ရ
လျှပ်စီး တဖျတ်ဖျတ်လက်သလိုမျိုး အသံ
ငါ မျက်စိစူးပေမယ့် ငါချစ်မိခဲ့ပေါ့
ငါ အသည်းစူးပေမယ့် ငါချစ်မိခဲ့ပေါ့
မလောက်မင မဝရေစာထမင်းလုပ်တွေ
ငါ့မိသားစု တိုင်းပြည်ကလေးပေါ်
မဝရေစာ ထမင်းလုပ်တွေထဲ
ငါ့သမီးလေးတွေ အစီအရီပေါ်လာ
ဆန်ရွှေးနေဆဲ သမီးကြီးရယ်
စာကျက်နေဆဲ ငါ့သမီးလတ်ကလေးရယ်
တစ်အိမ်လုံးမှာ
[illegible]များ စားစရာလက်ကျန်ရှိမလဲလို့
မျက်လုံးဝင်းဝင်းတောက်တောက်ကလေးနဲ့
ကြောင်ကလေးလို
တစ်အိမ်လုံး လိုက်အနံ့ခံရှာဖွေနေတဲ့
ငါ့ သမီးငယ်ကလေးရယ်
ငါ တွေ့မြင်လိုက်ရ
(တကယ်တော့



နောက်ဆုံး
လျှပ်စီးရောင် တလက်လက်
ငါ ချစ်မိတဲ့အသံ
အဲဒီ အသံကို ငါကြည့်မိ
ငါ ရှက်စာရက်အိုမင်း
ငါ့ အိုပင်းရုပ်မျက်နှာကို ငါ ပွတ်သပ်မိ
အိမ်ငေးသူ သူတို့အဖေငါ့ကို
သူတို့စာစ်တွေ မမြင်ပေမယ့်
စောင့်တကြပေလိမ့်မယ်။
ငါ အိမ်ကိုငေးမိ
ကွာဝေးလွန်းလှချည့်။
ငါ အိမ်ကိုငေးစဉ်
လယ်သမားတစ်ဦးအသံ ရုတ်တရက်ကြားရ
"ဟောဟို ကောက်ပင်တွေ
စိမ်းစိုပိန်းပိတ်နေတာပဲ
အဲဒီလို ဖြစ်ရမယ်
ဒီဘက်လယ်ကွက်ကတော့ကွာ
ပုလဲလိုနေလို့
မြင်လား ဝါရော်ရော်ကောက်ပင်တွေချည်းပဲ"
ဟုတ်လား
အိမ်ငေးသူငါဟာ
ပုလဲလိုနေတဲ့ လယ်ကွက်လား
ဒါမှမဟုတ်
ငါ့ခေါင်းပေါ်က ဖြူစဆံပင်တွေဟာ
ပုလဲလိုနေတဲ့ ကောက်ပင်တွေလား၊

ဒါမှမဟုတ်
ဒီမွန်းတည့်နေ တည့်တည့်ကြီးအောက်က
ငါ့ဘဝ တည့်တည့်ကြီးကကော
ပုလဲလို လယ်ကွက်လား
ထားပါတော့၊

ငါ့အိမ်ကို ငါငေးမလို့လုပ်တုန်းမှာ
ရေပြင်က ထွေးထုတ်လိုက်လေသလား
ဘဲအုပ်ကြီး
တသီတတန်း ကမ်းပေါ်တက်လာ
တောင်ဆီကိုကြည့်လိုက်တော့
အပြိုင်အဆိုင်ဆောက်နေတဲ့ တိုက်တွေလို
တိမ်တိုက်ဖြူဖြူတွေ
တောင်ပေါ်မှာ မြို့
ရုတ်တရက် လေကလေးတိုးဝှေ့လာ
ငါ့ကိုယ်ခန္ဓာ
သီတာစာတ်ရသလိုလိုမို့
ငါ့ကိုယ်ငါ ပြန်ငေးဖို့အားရှိလာ
'ဟေ့ ဘယ်သူက အိမ်ငေးနေတာတဲ့တုန်း'
'ဟေ့ ဘယ်သူ အိမ်ငေးနေတာတဲ့တုန်း'
လောလောဆယ် လူအိုရုပ်ပေါက် ငါ့မျက်နှာလား
လူအိုလူမင်းလို ငါ့သားရေဖိနပ်လား
ငါ့ပူဆွေးမှုကို ငါကြည့်နေရတာလား
ငါ့ ပူဆွေးမှုက ငါ့ကို ပြန်ကြည့်နေတာလား
ငါ့ခေါင်းပေါ်က
ပုလဲလို ငါ့ဆံပင်လယ်ကွက်လား



ငါ အိမ်ငေးရင်း ဆွေးမြေ့ကွဲအက်လာ
ငါဟာ အိမ်ငေးသူပါ
ငါဟာ တူရာသီဖွားတစ်ယောက်ပါ
ဘာကြောင့်များ
သမာသမတ်ရှိသူ တူရာသီဖွားဟာ
အိမ်ငေးပြီး
အထီးကျန်ပြိုကွဲဆွေးမြေ့နေရပါလိမ့်
လိုအပ်တာထက် ပိုမိုရိုးသားခဲ့လို့များလား
ငါဟာ
စွားသွားသူ သစ်သားဘတ်စ်ကားပေါ် တက်လိုက်တယ်
ဘတ်စ်ကားပေါ်ကသူတွေ
ငါ့ကို အိမ်ငေးသူလို့ မသိကြပေမယ့်
သစ်သားဘတ်စ်ကားကြီးက သိထင်ရဲ့
ပင်စင်စား ဖိုးကြီးအိုလို
တရွေ့ရွေ့ တွားလို့တွားလို့သာ

ကြည်ကုန်း
မိုင်ကုန်း
ဆူးကုန်း
ဒုတိယမြို့တော် နန်းတော်ရှေ့
အိမ်ငေးသူ ငါ့ရှေ့မှာ
ငါ့အိမ်ကလေး မြေလတ်မြို့
အိမ်ငေးသူ ငါ့နောက်မှာ
နာမည်သုံးလုံးမြို့ကလေး
အဲဒီ နာမည်သုံးလုံးမြို့ကလေးထဲမှာတော့
မြေမျက်လုံးနဲ့ သွားတက်ကလေးရှိသ

ထက်မြက်သူ လူငယ်ဟာ
သူ့ထက်မြက်မှုကို အရက်ပြုသောက်ပေလိမ့်
ပြီး
ဖျာတစ်ချပ်ပေါ်မှာ လဲလျောင်းနေပေလိမ့်
အိမ်ငေးသူ ငါဟာ
ဒုတိယမြို့တော်ကြီးကနေ
ပထမမြို့တော်ဖြတ်
ငါ့အိမ်ဆီ မဝေးဖို့
အိမ်ငေးသူဟာ
ငါ့မျက်နှာပေါ်က
လောလောဆယ် အမာရွတ်လား
ငါ ပွတ်သပ်လိုက်မိသေး
မဟုတ်ဘူး
ငါ့အိမ်ဆီ မဝေးဖို့
အိမ်ငေးသူ ငါဟာ
ဖိနပ်သစ်တစ်စုံ ဝယ်လိုက်တယ် ။

တကယ်တော့ လူတွေဖတ်ဖို့ ကြံဆောင်တာပါ။

စတိုင်သစ်အောင်တော့ ကြိုးစားတာပဲ။
အကျိုးလေးလည်း ရှိ
အရသာလေးလည်း ရှိ
ထိုနှစ်ခုရအောင် စီစဉ်တော့ စီစဉ်တာပဲ။

အယ်ဒီတာ ကိုတာ
စီစဉ်သူ ရွှေကျော်

မုံရွေးစာအုပ်တိုက်မှ ထုတ်ဝေသည်
၁၄၀၊ ၄၅ လမ်း (အထက်)
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၇၀၇၂